# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 15 March 2022 ၁၀၆၇၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၁၄**

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့** ဖတ်စရာ



**တပ်မတော်သား မျိုးဆက်လေးဆက်**

ဆောင်းပါး စာမျက်နှာ » ၆



**ဟန်လင်းတောင်ကြိုးပြင် ကာကွယ်တော သတ်မှတ်**

စာမျက်နှာ » ၉

**လူငယ်နှင့် ဘဝအောင်မြင်ရေး**

စာမျက်နှာ » ၂၀၊ ၂၁

## စားသောက်ကုန်များ အရည်အသွေးပြည့်မီရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ မြောက်မြားစွာရှိသည်။ မြောက်မြားစွာရှိသောလုပ်ငန်းငယ်လေးများက ပြည်တွင်းလိုအပ်ချက်၊ စားသုံးကုန်၊ လူသုံးကုန်လိုအပ်ချက်များကို တစ်တပ်တစ်အားဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအား နိုင်ငံတော်က အားပေးမြှင့်တင်ထောက်ပံ့ကူညီပေးလျက်ရှိသည်။

သို့သော် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ရာ၌ တရားဝင်ဖြစ်တည်မှုနှင့် အရည်အသွေးသတ်မှတ်ချက်ပြည့်မီမှုအတွက် ပူးပေါင်းလက်တွဲစစ်ဆေးမှုခံယူရန် အားနည်းလျက်ရှိသည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီစက်လုပ်ငန်းများ တစ်ရာကျော်ရှိသော်လည်း အရည်အသွေးစစ်ဆေးရေး FDA ထောက်ခံချက်ရယူထားသော လုပ်ငန်းအနည်းငယ်သာရှိသည်။ ထိုသို့နည်းနေသည်မှာ မိမိတို့၏အရည်အသွေးမပြည့်မီမှုကို မထုတ်ဖော်လို၍လည်းကောင်း၊ အစစ်အဆေးခံယူရာတွင် အခက်အခဲများရှိနေ၍လည်းကောင်း၊ အသိပညာဗဟုသုတနည်းနေ၍လည်းကောင်း အကြောင်းတစ်ခုခုရှိနိုင်ပေသည်။

အမှန်တကယ်တွင် မိမိတို့စီးပွားရေးအတွက် သတ်မှတ်ထားသောလုပ်ငန်းစဉ်များကို မဖြစ်မနေလုပ်ကိုင်ရမည်သာဖြစ်သည်။ အရည်အသွေးစစ်ဆေးမှုကို ခံယူခြင်းဖြင့် စားသုံးသူပြည်သူများအတွက် အကျိုးကျေးဇူးရှိသလို မိမိတို့လုပ်ငန်းအတွက်လည်း ပြန်လည်အကျိုးသက်ရောက်မှုရှိနိုင်ပေသည်။ ထုတ်ကုန်ပစ္စည်းများ၌ သတ်မှတ်ထားသော ကုန်ထုတ်လုပ်မှုစံချိန်စံညွှန်းများနှင့် ခွင့်ပြုချက်များ ဖော်ပြထားပြီး ကုန်ပစ္စည်းများတွင် အချက်အလက်များပြည့်စုံစွာပါရှိမှ တရားဝင်အတည်ဖြစ်ပေသည်။

အဓိကမှာ စားသုံးသူပြည်သူများမှာ ဦးစွာပိုမိုအရေးပါသည့်သူများဖြစ်ပြီး ပြည်သူများအနေဖြင့် စားသုံးသူနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများကို သိရှိထားရန်လိုအပ်သလို ထိုသို့သိရှိမှတ်သားလိုက်နာဆောင်ရွက်တတ်သည့် အလေ့အထများလည်း ရှိရန်လိုပါသည်။ မြန်မာနိုင်ငံတွင် ပြီးပြီးလွယ်လွယ်လုပ်၊ ပြီးပြီးလွယ်လွယ်အသုံးပြုတတ်သည့် အလေ့အထများမှာ အစဉ်အလာကဲ့သို့ပင်ဖြစ်နေပေသည်။ လူတိုင်းလူတိုင်းသည် စနစ်တကျပြုလုပ်၊ စနစ်တကျကိုင်တွယ်အသုံးပြုသည့်အလေ့အထကောင်းများ မွေးမြူကြရန်လိုအပ်ပေသည်။

အထူးသဖြင့် အများပြည်သူ စားသုံးသူနှင့်ပတ်သက်သည့် အခွင့်အရေးများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသိပညာဗဟုသုတများပေးဝေနိုင်ရန် လိုအပ်နေသည်။ အလေ့အထများ ပေးဝေနိုင်လျှင်ပင် ပြည်သူများကြားတွင် အလေ့အထကောင်းများ စွဲမြဲသွားစေရန် စဉ်ဆက်မပြတ်အသိပေးနေရဦးမည်ဖြစ်သည်။ စားသုံးသူကာကွယ်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပိုမိုထိရောက်အောင် ဆောင်ရွက်ရန်လိုအပ်ပြီး စားသုံးသူများမှ မိမိတို့၏အခွင့်အရေးများကို ပိုမိုသိရှိကာ ချက်ချင်းတုံ့ပြန်တတ်သည့်အလေ့အထရှိလာလျှင် လုပ်ငန်းရှင်များဘက်ကလည်း ၎င်းတို့၏ထုတ်ကုန်များကို ပိုမိုဘေးကင်းလုံခြုံစိတ်ချစွာလုပ်ကိုင်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စားသောက်ကုန်များနှင့်ပတ်သက်၍ လိုအပ်ချက်များ ရှိနေခြင်း၏ အခြေခံအကြောင်းအချက်မှာ ပြည်သူအများစုဆင်းရဲနွမ်းပါးမှုနှင့် အကြောင်းဆိုင်သည်။ ပြည်သူအများစုမှာ အလုပ်အကိုင်နှင့်ဝင်ငွေရမှုနှင့် ငွေကြေးတန်ဖိုးကို အမီမလိုက်နိုင်သဖြင့် ရသည့်ဝင်ငွေနှင့်ကာမိစေရန် ဈေးပေါရာ၊ သက်သာရာတို့ကို ဝယ်ယူအသုံးပြုရာ စားသောက်ကုန်လိုအပ်ချက်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အစားအသောက်ကြောင့် စားသုံးသူများ အန္တရာယ်မဖြစ်စေရန်အတွက် လိုက်နာရမည့်အလေ့အထများကို စိုက်ပျိုးချိန်မှစ၍ ထုတ်လုပ်ချိန်၊ ထုပ်ပိုးချိန်၊ ဖြန့်ချီချိန်နှင့် လက်ဝယ်အရောက် ပြင်ဆင်စားသောက်ချိန်အထိ လိုက်နာရေးမှာ အများပြည်သူကျန်းမာရေးအတွက်သာမက အာဟာရဖူလုံရေး၊ တစ်ဦးချင်းစီးပွားရေး၊ နိုင်ငံစီးပွားရေး၊ ပြည်ပတင်ပို့မှုမှသည် ထိုနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအားလုံးအတွက် စိန်ခေါ်နေသောအချက်ဖြစ်သည်။

ဈေးကွက်အတွင်းရောင်းချနေသော စားသုံးကုန်ပစ္စည်းများ အရည်အသွေးမမီမှု၊ မစစ်မှန်မှုများရှိလျှင် နစ်နာမည်မှာ စားသုံးသူများပင်ဖြစ်ပေမည်။ မြန်မာနိုင်ငံတွင် ရှေးရိုးစွဲနေသောအယူအဆများ၊ ခေါက်ရိုးကျိုးနေသောအလေ့အထများကြောင့် စားသုံးသူအရည်အသွေးမြင့်မားရေးနှင့် စားသုံးသူများ ဘေးကင်းလုံခြုံရေးလုပ်ငန်းများတွင် စနစ်တကျပြုလုပ်နိုင်ရန် စိန်ခေါ်မှုများစွာရှိနေမည်ဖြစ်သည်။ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ပြည်သူများကြားတွင် စားသုံးသူရေးရာဆိုင်ရာအလေ့အထများကို ပိုမိုကျယ်ပြန့်စွာ ဝိုင်းဝန်းပြုလုပ်ပေးရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သင့်တင့်မျှတသည့် စားသောက်နေထိုင်မှုဘဝများကို ဖန်တီးတတ်စေရန် ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် မဖွံ့ဖြိုးသေးသည့်ဖွံ့ဖြိုးစနိုင်ငံဖြစ်ရာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ထွန်းကားလာပြီး ပြည်သူများကျန်းမာရေးနှင့်ညီညွတ်ပြီး သင့်တင့်မျှတစွာဖြင့် နေထိုင်စားသောက်တတ်ရေးအတွက် အရည်အသွေးပြည့်မီပြီး ပြည်သူများနှင့်ဆီလျော်ညီညွတ်မှုရှိသည့် စားသောက်နေထိုင်မှုပုံစံသစ်များရရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါ်များဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် မတ် ၁၄

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၃-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁၀၀ | ၈၀၀,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၂,၁၁၀ | ၅,၈၈၁,၆၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၁၃ | ၂၄၀,၅၀၀ |
| TMH | ၂,၆၅၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| AMATA | ၅,၁၀၀ | ၅,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၂၁၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၂.၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၂၂၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၀၃.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၃.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၉.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✻ ရှေ့ဖုံးမှ
ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညား အောင်မိုး၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိ သူများ တက်ရောက်ကြည်ညိုကြသည်။

**ကပ်လှူပူဇော်**

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့ မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ် အား မြသပိတ်ဆွမ်းတော်နှင့် သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ကြီးထံမှ **စာမျက်နှာ ၄ သို့ ✻**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်နှင့် သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်စဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း နှင့်ဇနီးတို့က ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဆရာတော်ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာနှင့် ဇနီးတို့က ဆရာတော်ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်းနှင့် ဇနီးတို့က ဆရာတော်ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဆရာတော်ထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

✳ စာမျက်နှာ ၃ မှ

ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဗန်းမော်ဆရာတော်ကြီးထံသို့လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က သန်လျင်မင်းကျောင်း ဆရာတော်ထံသို့လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးတို့က ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သန်လျင်မင်းကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၁ / ၂၀၂၂
**၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသာဋ္ဌေးအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၂ / ၂၀၂၂
**၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးသောင်းနိုင်
(၂) ဦးသိန်းကိုကို
(၃) ဒေါ်သင်းသင်းနွဲ့

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးနှင့် (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးများ တက်ရောက်ရန် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာ



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ဒုတိယစစ်ဦးစီးချုပ်၊ သုတေသနနှင့် ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူး Lieutenant General. Hann Sovann နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၁၄**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–19) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား တက်ရောက်ရန် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တွင် (၁၂) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေးတက်ရောက်မည့် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။

မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရောက်ရှိကြရာ ကမ္ဘောဒီးယား ဘုရင့်တပ်မတော် ဒုတိယစစ်ဦးစီးချုပ် သုတေသနနှင့် ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူး Lieutenant General. Hann Sovann နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သူရလှမင်းနှင့် ကမ္ဘောဒီးယားနိုင်ငံမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ သင်တန်းသားများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

(၁၉)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19 th ASEAN Chiefs of Defence Forces Meeting (ACDFM–19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ၌ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့သွားရောက်၍ သံရုံးနှင့် စစ်သံရုံး မိသားစုများ၊ သင်တန်းသားများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားများအား အမှာစကားပြောကြားသည်။

ထို့နောက် သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်လိုက်သည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးကပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် မိသားစုဝင်များ၊ သင်တန်းသားများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ သင်တန်းသားများနှင့်တွေ့ဆုံစဉ်။

တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# တပ်မတော်သားမျိုးဆက်လေးဆက်

**တပ်မတော်သားသုတေသီတစ်ဦး**

**[၁၉၉၁ အမျိုးသားစာပေဆုရ၊ စီမံထုတ်ချုပ် (ပထမအဆင့်)]**



၂၀၂၂ ခုနှစ် (၇၆) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဝင်များက ချီတက်အလေးပြုကြစဉ်။

**(ယမန်နေ့မှအဆက်)**

ကျွန်တော် ကြည်း/သုတေသနဌာနသို့ ရောက်ချိန်တွင် အကြီးအကဲက ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြီးဖြစ်ပြီး လေတပ်မှဖြစ်ပါသည်။ သူသည် စာအလွန်ဖတ်သူဖြစ်ပြီး အလွန်တော်သည့်အပြင် အလွန်လည်းကောင်းသူဖြစ်ပါသည်။ မျိုးချစ်ပီသသူ၊ ဖြူစင်သူဖြစ်ပါသည်။ နောင်မကြာမီတွင် ဗိုလ်မှူးကြီး၊ ကုန်သွယ်ရေးဝန်ကြီးဖြစ်ပြီး "တစည ပါတီ" ၏အထွေထွေအတွင်းရေးမှူးချုပ်ဘဝဖြင့် အငြိမ်းစားယူခဲ့ပါသည်။

**နိုင်ငံခြားသတင်းကောက်နုတ်ချက်–ပြည်ပ**

သူ၏လက်အောက်၌ တာဝန်ထမ်းဆောင်ရသည်မှာ မလွယ်ကူပါ။ တစ်နေ့လုံး စာရေး၊ စာဖတ်နေရပါသည်။ တစ်ညလုံးလည်း ညနေပိုင်းထွက်လာသည့် NAB နိုင်ငံခြားသတင်းများကို ဖတ်၊ နိုင်ငံခြားသတင်းစာများကိုဖတ်၊ ရေဒီယိုလေးဖြင့် နိုင်ငံခြားသတင်းများကို နားထောင်၊ မနက်ခင်းတွင် သတင်းအသစ်များအား ကောက်နုတ်ပြီးနောက် "နိုင်ငံခြားသတင်း ကောက်နုတ်ချက်–ပြည်ပ" စာစောင်အမည်ဖြင့် စာစောင် (၄) မျက်နှာလောက်ကို copier စက်ဖြင့်ကူးပြီး ဗိုလ်ချုပ်ကြီးစန်းယုနှင့် အခြားသောလူကြီးများထံသို့ နေ့စဉ်ပေးပို့တင်ပြရပါသည်။ "အပတ်စဉ်" စာစောင်တစ်ခုအပြင် အခြားသော သုတေသနစာတမ်းများကိုလည်း ရေးရသည်၊ ထုတ်ဝေတင်ပြရပါသည်။ ဌာနတွင် Hong Kong မှလာသော သုတေသနစာစောင်များ၊ Keesing Archive သတင်းစာစောင်များ၊ နိုင်ငံခြားသတင်းမဂ္ဂဇင်းများ၊ အိမ်နီးချင်းနိုင်ငံများမှ သတင်းစာများအားလုံး ယူထားရသည်။ ကျွန်တော်၏ အဓိကတာဝန်ကို ဖော်ပြရမည်ဆိုလျှင် "တရုတ်ပြည်ကျွမ်းကျင်သူ" ပင်ဖြစ်ပါသည်။ ယင်းသည် အထက်အမိန့်ပင်ဖြစ်ပါသည်။

ကြည်း/ သုတေသနဌာနသို့ ကျွန်တော် ပြောင်းရွှေ့ရခြင်းမှာ ကျွန်တော်သည် ဂျာမန်ဘာသာဒီပလိုမာဂုဏ်ထူး (Diploma in German Hons) အောင်ထားသည့်အတွက်ကြောင့် ဖြစ်ပါသည်။ သို့သော် ထိုစဉ်က တရုတ်ပြည်၏ International Communist Movement အရဗကပတို့ကိုအားပေးကူညီထောက်ပံ့နေသည့်အတွက် တရုတ်ပြည်၏ အခြေအနေနှင့် ဆက်ဆံရေးက အလွန်အရေးကြီးနေသည့်အချိန်ဖြစ်ပါသည်။ သို့ဖြစ်၍ Hong Kong ထုတ် သုတေသနစာစောင်၊ စာတမ်းများအား အဓိကထားလေ့လာပြီး တင်ပြနေရသည့်အချိန်ဖြစ်ပါသည်။

**ထူးခြားသည့်တိုက်ဆိုင်မှုလေးတစ်ခု**

ကျွန်တော်ဗိုလ်မှူးကြီးဖြစ်ပြီးနောက် ကျွန်တော့်အား ကြည်း/ သုတေသနဌာနတွင် ဆက်လက်တာဝန်ပေးထားသည့်အချက်က ကျွန်တော့်တစ်သက်မှာ ဂုဏ်ယူစရာအကောင်းဆုံးပင် ဖြစ်ပါသည်။ ယင်းကာလ ၁၂ နှစ်အတွင်း "ကကမော်" အကြီးအကဲလည်းဖြစ်ပြီး "နဝတသတင်းထုတ်ပြန်ရေးအဖွဲ့ဝင်" နှင့် "အမျိုးသားညီလာခံကျင်းပရေးကော်မရှင်" အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ ကျွန်တော့်တူအရင်းလေး မောင်ခိုင်လင်းကလည်း ကျွန်တော်တာဝန်ယူခဲ့သည့် ကြည်း/သုဌာနတွင် အကြီးအကဲဖြစ်လာခြင်းကလည်း ထူးခြားသည့်တိုက်ဆိုင်မှုလေးတစ်ခုပါပဲ။ သူကတော့ တတိယမျိုးဆက်မှာ ပါဝင်သူပါ။

ကကမော်၏ အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည့် ၁၂ နှစ်တာကာလအတွင်း တပ်မတော်သမိုင်းကို စတင်ချိန် ၁၉၄၁ ခုနှစ်မှ "နဝတ" ခေတ် ၁၉၉၀ ပြည့်နှစ်အထိ အတွဲ ကိုးတွဲ ရေးသားထုတ်ဝေဖြန့်ချိခဲ့ပါသည်။ တပ်မတော်အဆင့်မြင့်သင်တန်းအားလုံး၊ နိုင်ငံတော်၏ အဆင့်မြင့်အထူးသင်တန်းအားလုံး၊ စည်ပင် (မြို့တော်စည်ပင်) က ပြုလုပ်သည့် အဆင့်မြင့်သင်တန်းအားလုံးတွင် ကျွန်တော်သည် "မြန်မာ့သမိုင်းနှင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ" ကို သင်တန်းအချိန် ရှစ်ကြိမ်၊ နာရီအားဖြင့် ခြောက်နာရီ ပို့ချပေးခဲ့ပါသည်။ ဆိုလိုသည်မှာ တစ်နေ့လုံးအချိန်ယူပြီး ပို့ချပေးခဲ့ရခြင်းဖြစ်ပါသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး/ဇီးပင်ကြီး) တို့တွင်လည်း အထူးသင်တန်းပေါင်း ရာချီပြီးပို့ချပေးခဲ့ပါသည်။ ထို ၁၂ နှစ်တာကာလအတွင်း သင်တန်းသား ငါးသောင်းကျော်ရှိခဲ့ပါသည်။ ကျွန်တော်၏ဆရာဖြစ်သူ "ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်" (တိုင်းမှူး/ဝန်ကြီး) ပြောသည့် "တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၊ အားရှိပါ၏" ဆိုသည်မှာ ကျွန်တော်ပါပင်။ တပ်မတော်အတွက် ထိုသို့တာဝန်ထမ်းဆောင်ပေးခဲ့ရသည့်အတွက်လည်း ဂုဏ်ယူမိပါသည်။ ကျွန်တော်နှင့်အတူ ကြည်း/သုတွင် ဝိုင်းတော်သားများ ဖြစ်ခဲ့ကြသည့် ကိုတင်ဦး၊ ကိုဝဏ္ဏမောင်လွင်၊ ကိုကိုကိုလှိုင်၊ ကိုခင်ရီ၊ ကိုဇာနည်ဝင်း၊ ကိုထွန်းထွန်းညီ တို့ဆိုလျှင်လည်း ယခုအချိန်အထိ တိုင်းပြည်ကို အကျိုးပြုဆဲပင်ဖြစ်ပါသည်။

**တော်လှန်ရေးကောင်စီခေတ်**

ကျွန်တော့်လို ဒုတိယမျိုးဆက်၊ ကျွန်တော့်ညီမ၏ ခင်ပွန်းသည်လည်း တပ်မတော်သား ဒုတိယမျိုးဆက်ပင်ဖြစ်ပါသည်။ ကျွန်တော်၏ဖခင်က အိမ်ထောင် သုံးဆက်ရှိသည်ဖြစ်ရာ ဒုတိယဇနီး၏သမီး၊ ကျွန်တော်နှင့် ဖအေတူမအေကွဲ ညီမလေးက ကျွန်တော့်အဖေ၏ ဦးနှောက်တစ်ခြမ်းကို ရထားသူဖြစ်ပါသည်။ ဉာဏ်အလွန်ကောင်းသူဖြစ်ပြီး ၁၀ တန်းကို ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်သူ၊ တော်လှန်ရေးကောင်စီခေတ် "လူရည်ချွန်" ခြောက်ထပ်ကွမ်း ခြောက်ကြိမ်ရရှိခဲ့သူ၊ နောင်တွင် MRCOG/FRCOG မီးယပ်၊ ဝမ်းဆွဲအထူးကုဆရာဝန်ကြီးဖြစ်ပါသည်။ သူ၏ခင်ပွန်းဆရာဝန်လေးက စစ်သားစိတ်၊ စစ်တပ်ထဲဝင်ပါသည်။ သူတို့ညားခါစ ဇနီးမောင်နှံနှင့် ပဲခူးရှိအဖေ့အိမ်မှာ ဆုံခဲ့ကြပြီးနောက် ကျွန်တော် ညနေပိုင်း ရန်ကုန်သို့အပြန်တွင် ယောက်ဖလေးကို ဗိုလ်သင်တန်းတက်ဖို့ မှော်ဘီသို့ဝင်ပြီး ဗိုလ်သင်တန်းကျောင်းသို့ ပို့ပေးခဲ့သည်ကို အမှတ်ရမိပါသေးသည်။ သူသည် ပထမဆုံးလေထီးခုန်သည့် ဆရာဝန်၊ တကယ့်ကို စစ်သားဆရာဝန်ပီသလှသူဖြစ်ပါသည်။

သူ့ကို အကြီးအကဲများ သဘောကျသွားသည်က ကရင်ပြည်နယ်တွင် နဝတအစိုးရခေတ် စစ်ဆင်ရေးကြီးများ ဆင်နွှဲချိန်တွင် ရန်သူများ ဆုံးရှုံးမှုများခဲ့ပြီး မြန်မာ့နယ်နိမိတ်အတွင်း ရပ်တည်နိုင်မှု မရှိတော့သည့် အခြေအနေဖြစ်သွားပါသည်။ မိမိတို့တပ်မတော်သားများလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ အထူးသဖြင့် မိုင်းဒဏ်ရာ (Mine Injury) ဖြစ်သည်။ ထိုလူနာများ အသက်မဆုံးရှုံးလေရအောင် ရှေ့တန်းကျကျနေရာတွင် ဆေးတပ်ဖွဲ့ကုသရေးစခန်း (စစ်မြေပြင်ကုသရေး) ဖွင့်လှစ်၊ ပဏာမကုသမှုများ လုပ်ပြီးမှ စိတ်ချရသည့်အချိန်ရောက်မှသာ မင်္ဂလာဒုံဆေးရုံကြီးသို့ Air Lift ဖြင့် ပို့ပေးသည့်အတွက် များစွာသော ဒဏ်ရာရ တပ်မတော်သားများ အသက်မဆုံးရှုံးစေရန် စွမ်းဆောင်ပေးနိုင်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် သဘောကျနှစ်ခြိုက်သည့်အတွက် ဦးစီးချုပ်၏ ကိုယ်ရေးဆရာဝန်၊ မိသားစုဆရာဝန် ဖြစ်လာခဲ့ရပါသည်။ သူ ဆေးတပ်ဖွဲ့၏အကြီးအကဲဖြစ်လာတော့လည်း တပ်မတော်ဆေးတပ်ဖွဲ့ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန်နှင့် ကျယ်ပြန့်ကြီးမားလာစေရန် အထူးကုဆေးရုံများ၊ အထွေထွေကုသရေးဆေးရုံကြီးများ အသစ်တည်ဆောက်ပြီး ကုသနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဝန်ကြီးအဆင့်အထိ ဖြစ်လာချိန်တွင်လည်း ကျန်းမာရေးဝန်ကြီးဌာနကြီး တိုးတက်ကျယ်ပြန့်အောင် နိုင်ငံတကာအကူအညီ ရယူဆောင်ရွက်ပေးနိုင်ခဲ့သည်။ သူသည်ကား ကျွန်တော်နှင့်အတူ ဒုတိယမျိုးဆက်ပင်။

**တပ်မတော်ရိက္ခာဖြည့်တင်းရေး**

တတိယမျိုးဆက်မှာတော့ ညီမလေးကဲ့သို့ ဉာဏ်ကောင်းသည့်တူ မောင်ခိုင်လင်းအကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မောင်ခိုင်လင်း အိမ်ထောင်ကျပြန်တော့လည်း အချက်ပြဆက်သွယ်ရေးတပ်မှ အငြိမ်းစားဗိုလ်မှူးကြီးလှမိုး၏သမီးဖြစ်သူနှင့် အကြောင်းပါပြန်ပါသည်။ စစ်မျိုးချင်းပေါင်းဖက်ကြတော့လည်း သူတို့သားများလည်း စစ်သည်တော်များ ဖြစ်ကြမည်ဖြစ်ပါသည်။ တတိယမျိုးဆက်တွင် ဒုတိယစစ်သားကတော့ ကျွန်တော့်သမီး၏ ခင်ပွန်း၊ ကျွန်တော်၏ သမက်ပင်ဖြစ်ပါသည်။ သူက တိုက်ရည်ခိုက်ရည်ရှိသူ၊ အကြမ်းဖက်နှိမ်နင်းရေးတပ် လေထီးစစ်သားတစ်ဦး၊ တပ်ရင်းမှူး၊ ဦးစီးအရာရှိအဖြစ် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် နှစ်ပေါင်းများစွာလုပ်ကိုင်ခဲ့ပြီးနောက် တပ်မတော်မှ MEC သို့ ရောက်သွားပါသည်။ MYTEL တွင် အရာရှိ၊ ထို့နောက် စက်ရုံမှူး စသည့် အဆင့်များတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု MEC တွင် GM အထွေထွေမန်နေဂျာဖြစ်နေပါသည်။ တပ်မတော်ရိက္ခာဖြည့်တင်းရေးတွင် များစွာအထောက်အကူပြု၊ အကျိုးပြုပေးနေသူဖြစ်ပါသည်။

သမီးနှင့် သမက်တို့၏ ပထမဦးဆုံးသမီး၊ ကျွန်တော်၏မြေးဦးကလေးက တက္ကသိုလ်မှာ Industiral Chemistry ဘွဲ့ကို Hons ဂုဏ်ထူးဖြင့် အောင်မြင်ပြီး မဟာတန်းဒုတိယနှစ်တက်ချိန်တွင် အရပ်အမောင်းကောင်း၊ သိပ္ပံပညာ ထူးချွန်သည့်အတွက် သူက လေသူရဲတစ်ဦးဖြစ်ချင်ခဲ့ပါသည်။ **စာမျက်နှာ ၇ သို့** ✧

> မြန်မာနိုင်ငံကဲ့သို့ ဝိသေသထူးခြားပြီး လူမျိုးပေါင်း ၁၀၀ ကျော်၊ နိုင်ငံရေးပါတီပေါင်း မြောက်မြားစွာကွဲပြားနေသည့် အခြေအနေမျိုးတွင် ငြိမ်းချမ်းရေးအတွက်ပုံဖော်ရန် ဒေါက်တိုင်သုံးတိုင်လိုအပ်ပါလိမ့်မည်။ ပထမ အမျိုးသားနိုင်ငံရေးကိုယ်စားပြုတပ်မတော်၊ ဒုတိယ နိုင်ငံရေးပါတီများအတွင်းမှ ပြည်သူ့ဆန္ဒအစစ်အမှန်ကို အများဆုံးရှိသည့်ပါတီနှင့် အထိုက်အလျောက်မဲဆန္ဒများကို ရရှိသည့်ပါတီများကို PR စနစ်ဖြင့်ရွေးပြီး အစိုးရဖွဲ့ပေးမည့် လွှတ်တော်၊ တတိယ လူမျိုးစုများကို အချိုးကျထည့်သွင်းဖွဲ့စည်းမည့် ဖက်ဒရယ်ကိုယ်စားပြုလွှတ်တော်တို့ပင်ဖြစ်သည်။ ဤသုံးခုက အာဏာကို မျှမျှတတခွဲဝေကျင့်သုံးမည်ဆိုလျှင် တန်းတူရည်တူအာဏာရှိမည်ဖြစ်

# ပဲခူးမြို့ မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြို့ရေပေးရေးစီမံကိန်းသို့ရောက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေဖြန့်ဝေပေးမည့်အစီအစဉ်၊ ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြို့ရေပေးရေးလုပ်ငန်းများ ပုံမှန်လည်ပတ်မှုရှိစေရေး၊ ဆောင်ရွက်ရန်လုပ်ငန်းများ အမြန်ပြီးစီးရေး၊ တပ်ဆင်ရန်ကျန်ရှိသည့် ရေမီတာများ အမြန်တပ်ဆင်နိုင်ရေး၊ ဈေးနှုန်းဖြင့် ဆောင်ရွက်ရသည်ဖြစ်၍ ရေပေးဝေမှုလုပ်ငန်းများ အမြန်အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး ကိစ္စရပ်များကို ပုံမှန်ဆောင်ရွက်စေရေး တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ် ကြီးကြပ်စစ်ဆေးသွားကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်တွင်းစားသုံးဆီဖူလုံစေရေး နေကြာတိုးချဲ့စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးမည့် အစီအစဉ်များဖြစ်သည့် မတည်ရန်ပုံငွေလုပ်ငန်း၊ သွင်းအားစုလုပ်ငန်း၊ ဆိုလာစနစ်ရေရရှိရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က နေကြာဖြစ်ထွန်းအောင်မြင်နိုင်မည့်ဒေသများကို စနစ်တကျ လေ့လာရွေးချယ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် မြို့ရေပေးရေးစီမံကိန်းဖြစ်သည့် ကန်တော်ကြီးဆည်မှ ရေကို Plastic Filter Media နှင့် Gravel Media တို့ဖြင့် ရေသန့်စင်ခြင်း၊ အနေးရေစစ်ကန်၌ Down Flow စနစ်ဖြင့် ရေသန့်စင်ခြင်း၊ ကလိုရင်းဆေးခတ်သန့်စင်ခြင်း စသည့် အဆင့်ခြောက်ဆင့်ဖြင့် သန့်စင်ပြီး ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ ရပ်ကွက်၊ လူဦးရေ ၁၁၇၀၀ အတွက် နေ့စဉ် ရေဂါလန် ၈ ဒသမ ၁ သိန်း အိမ်တိုင်ရာရောက် ရေဖြန့်ဝေပေးနိုင်မည့် မြို့ရေပေးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကဝမြို့နယ် သပြုကျေးရွာရှိ သပြုစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းမှ ထွက်ရှိသော ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့နယ်၌ ယခုနှစ် နွေစပါး စိုက်ဧက လျာထားချက်ထက် ဧက ၆၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်

**ပြည် မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးမှု လျာထားချက်ထက် ဧက ၆၀၀ ကျော် ပိုမိုစိုက်ပျိုးထားနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပြည်မြို့နယ်၏ ယခုနှစ်နွေစပါးစိုက်ပျိုးရန် ဒေသလျာထားချက်မှာ ၁၃၈၃၆ ဧကဖြစ်ကြောင်းနှင့် လက်ရှိတွင် ယနေ့အထိ နွေစပါးဧက ၁၄၅၁၀ စိုက်ပျိုးထားပြီးဖြစ်၍ လျာထားချက်ထက် ၆၇၄ ဧကကျော်လွန်စိုက်ပျိုးနိုင်ကြောင်းနှင့် ယခုလကုန်အထိ ဆက်လက်ထပ်မံစိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်းက ပြောသည်။

ပြည်မြို့နယ်၌ ယမန်နှစ်က နွေစပါး ဒေသလျာထားချက်နှင့် စီမံကိန်းလျာထားချက် ၉၇၁၅ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း ရတနာတိုး၊ နယူးရော၊ ထိုင်းနံ့ကောက်၊ သက်တမ်းတိုရောမင်း အစရှိသည့် အထွက်နှုန်းကောင်းမွန်သည့်မျိုးကောင်းမျိုးသန့်များဖြင့် ဒေသလျာထားချက်ပြည့်မီကျော်လွန် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

✧ စာမျက်နှာ ၆ မှ

ဗိုလ်သင်တန်းတက်ရင်း ကျန်းမာရေးကိစ္စလေးတစ်ခုကြောင့် အထူးစိစစ်ခေါ်ယူသောလေတပ်ကို မရောက်တော့ဘဲ ကျောင်းဆင်း posting က ပြင်ဦးလွင်ရှိ တပ်မတော်သိပ္ပံပညာနည်းပညာသုတေသနတပ်ဖွဲ့ကို ရောက်ရှိပြီး တပ်မတော်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေပြီဖြစ်ပါသည်။ သူသည်ကား စတုတ္ထမျိုးဆက်၊ သုတေသနမျိုးဆက်ဟုလည်း ဆိုနိုင်ပါသည်။

ကျွန်တော်တို့ မျိုးဆက်လေးဆက်သည် "ဒို့တာဝန်အရေးသုံးပါး" ကို ဦးထိပ်ထားပြီး သစ္စာရှိရှိ၊ ဂုဏ်ရှိရှိတာဝန်ထမ်းရွက်ခဲ့ကြသည်။ တပ်မတော်တွင်သာ တစိုက်မတ်မတ်ဖြင့် သက်ပြည့်တာဝန်ယူခဲ့ကြသည်။ ပြင်ပဌာနများတွင် အခွင့်အလမ်းကောင်းများ ရနိုင်သော်လည်း တပ်မတော်သည်သာ အမိ၊ အဖ၊ ကိုးကွယ်ရာဖြစ်ခဲ့ကြပါသည်။

**"နေသူရိန်" လူထုထောက်ခံပွဲကြီး**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်ကြီးနှင့် တပ်မတော်ကြီးကို ထူထောင်ခဲ့သည့် ခေါင်းဆောင်ကြီး မော်စီတုန်းက "The Army is a great school" "တပ်မတော်သည် မဟာကျောင်းကြီးပါပဲ" ဟု မိန့်ဆိုခဲ့ဖူးပါသည်။ "တကယ်တမ်းသာ လိုက်နာနိုင်မယ်ဆိုရင် တပ်မတော်ဟာ လူတော်၊ လူကောင်းတွေကို မွေးထုတ်ပေးတဲ့ ကျောင်းကြီး" ဟူသည့် ဆိုရိုးလည်းရှိပါသည်။ မြန်မာ့လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းကလည်း တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍကို "နေသူရိန်" လူထုထောက်ခံပွဲကြီးတွင် ထုတ်ဖော်တင်ပြ အတည်ပြုပေးခဲ့သည်။ ၁၉၄၆ ခုနှစ်အတွင်း ကျင်းပခဲ့သော လူထုအစည်းအဝေးကြီးဖြစ်ပါသည်။ ဤသည်မှာ ဗိုလ်ချုပ်၏ တပ်မတော်အတွေ့အကြုံက ပေးခဲ့သည့် သမိုင်းပေးတာဝန်ပင်ဖြစ်ပါသည်။

တပ်မတော်၏ ဒုတိယဖခင်ကြီးဖြစ်သည့် ဗိုလ်ချုပ်ကြီးနေဝင်းကလည်း "ဒို့တပ်မတော်ဟာ နိုင်ငံတကာ ကမ္ဘာ့တပ်မတော်တွေမှာရှိတဲ့ အရည်အချင်းအားလုံး ဒို့တပ်မတော်မှာ ရှိရမယ်။ အထူးသဖြင့် နှစ်မျိုးမှာ ထူးချွန်ရမယ်။ (၁) အမျိုးအစား ပိုကောင်းရမယ်။ (၂)ပြည်သူလူထုနဲ့ တစ်ဆက်တည်းရှိရမယ်" ဟု မိန့်ဆိုခဲ့ဖူးပါသည်။

ကျွန်တော်တို့ အရာရှိငယ်ဘဝက တပ်မတော်ကို သမားရိုးကျဘဝမှ "ပြည်သူ့တပ်မတော်" အဆင့်သို့ တက်လှမ်းခဲ့ပါသည်။ တပ်မတော်၏ တတိယဖခင်ကြီး ဗိုလ်ချုပ်ကြီးစန်းယုက "တပ်မတော်ဟာ (၁) 'တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်'၊ (၂) 'တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်'၊ (၃) 'တိုက်ရင်းကုန်ထုတ်၊ ကုန်ထုတ်ရင်းတိုက်' ဟူသည့်ဩဝါဒကို ပေးထားသည့်အတွက် ကျွန်တော်တို့ကိုယ်တိုင် ကျောပိုးအိတ်ဖြင့် ကောက်စိုက်၊ ကောက်သိမ်း စသည့်စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြဖူးပါသည်။ စစ်ဆင်ရေး ကာလများအတွင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း ပြည်သူနှင့်တစ်ဆက်တည်း၊ တစ်သားတည်းဖြစ်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း အမိန့်ရှိခဲ့ဖူးသော အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍဆိုတာဘာလဲ။ "အမျိုးသားနိုင်ငံရေးဆိုတာက အချိန်ကာလတစ်ခုမှာ အခြေအနေတွေအရပြည်သူတွေကြားမှာ ဖြစ်ပေါ်လာရတဲ့ လိုအင်ဆန္ဒ" ပါပဲ။ ပါတီနိုင်ငံရေးနှင့် ကွဲပြားပါသည်။ လွတ်လပ်ရေးမရမီက "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ" ဖြစ်ခဲ့ကာ ယင်းကို ပြည်သူများက တောင့်တခြင်းပင်ဖြစ်သည်။ လွတ်လပ်ရေးရခါနီးလာတော့ "လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီအရေးသည် ဒုတိယ၊ ဆိုရှယ်လစ်အရေးသည် တတိယ" ဟူ၍ နောက်တစ်ဆင့်ဖြစ်လာပါသည်။

ဖက်ဆစ်တော်လှန်ရေးနှင့် ကိုလိုနီအဆုံးသတ်ရေးတိုက်ပွဲတွင် တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီ (ဆိုရှယ်လစ်ပါတီ)၊ ကွန်မြူနစ်ပါတီနှင့် ပြည်သူတစ်ရပ်လုံး တစည်းတလုံးတည်း ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်နု စသည့်ပုဂ္ဂိုလ်ကြီးများ၏ ခေါင်းဆောင်မှုအောက်တွင် ပြည်သူတစ်ရပ်လုံး စည်းလုံးစွာပါဝင်ခဲ့ကြသော်လည်း လွတ်လပ်ရေးရပြီဆိုသည်နှင့် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒတို့ကြောင့် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးနိုင်သည်အထိ ပြင်းထန်သော ပြည်တွင်းသောင်းကျန်းမှု ဖြစ်လာခဲ့ရပါသည်။

**နှစ်ပေါင်း ၇၅ နှစ်**

၁၉၄၈ ခုနှစ် မတ်လ ကွန်မြူနစ်တော်လှန်ရေးက စတင်လိုက်သော ပြည်တွင်းသောင်းကျန်းမှု စစ်မီးသည် ယခုအချိန်အထိ တောက်လောင်နေဆဲပင်။ နှစ်ပေါင်း ၇၅ နှစ်အထိ ရှည်ကြာခဲ့ပါပြီ။ တိုင်းပြည် မပြိုကွဲရလေအောင် ထိန်းသိမ်းခဲ့ရသူက ပြည်သူတွင်းမှ ပေါက်ဖွားလာသည့် တပ်မတော်ပင်။ ထိုစဉ်က အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အစဉ်အလာအရ ငြိမ်းချမ်းရေးကိုပါ အတော်အတန် တည်မြဲစေခဲ့ပါသည်။ ငြိမ်းချမ်းရေး အပြည့်အဝရဖို့ကတော့ ပါးစပ်အလုပ်တစ်ခုတည်းဖြင့် မရနိုင်ကြောင်း ခေတ်အဆက်ဆက်တွင် သင်ခန်းစာပေးခဲ့ပြီး ဖြစ်ပါသည်။ Ho Chi Minh (ဗီယက်နမ် ခေါင်းဆောင်ကြီး) ပြောကြားခဲ့သကဲ့သို့ "Talk၊ Talk၊ Fight၊ Fight" လုပ်ရပါမည်။

ယနေ့ဆိုလျှင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များ တိုး၍သာ ပေါ်ပေါက်နေသည်။ ဦးရေအားဖြင့် ၂၀ ဝန်းကျင်တွင်ရှိနေသည်။ အကြမ်းဖက်အနိုင်ကျင့်ပြီး ဥပဒေပြင်ပစီးပွားရေးများဖြင့် ရှင်သန်နေကြသည်။ အမေရိကန်လက်ရှိသမ္မတ Biden (ဘိုင်ဒင်) က သမ္မတဟောင်း Trump (ထရမ့်) အရေးတော်ပုံကို ရည်ညွှန်းပြီးပြောသွားသည်မှာ "အကြမ်းဖက်မှုဟာ ဒီမိုကရေစီအတွက် အကြီးဆုံးခြိမ်းခြောက်မှုပါပဲ" ဟူ၍ဖြစ်ပါသည်။ ခြိမ်းခြောက်မှုများ ဆက်လက်တိုးပွားနေဦးမည်ဟုလည်း အမေရိကန်ပြည်သူအများစုက ယုံကြည်နေကြပါသည်။ ငြိမ်းချမ်းရေးသည် သော့ချက်ဖြစ်ပြီး သူမရှိလျှင် ဒီမိုကရေစီရော၊ ဖက်ဒရယ်ပုံစံစနစ်ရော မရနိုင်ပါ။

ယနေ့ဖြစ်ပေါ်နေသည့် အမျိုးသားရေးတောင့်တချက်မှာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်များဖြစ်ပါသည်။ ငြိမ်းချမ်းရေးမရှိလျှင် စစ်မှန်သည့် ဒီမိုကရေစီမရှိနိုင်ပါ။ စစ်မှန်သည့် ဒီမိုကရေစီမရှိပြန်လျှင်လည်း ဖက်ဒရယ်စနစ်မရှိနိုင်ဆိုသည်ကို ကမ္ဘာ့သမိုင်းက သက်သေခံနေပါသည်။ ထို့ကြောင့် အမျိုးသားနိုင်ငံရေး လိုလားချက်ကို မည်သို့ကိုင်တွယ်သင့်ပါသလဲ။ ဤသည်မှာ အကြီးမားဆုံးသောပဟေဠိပင်ဖြစ်ပါသည်။

**လူမျိုးပေါင်း ၁၀၀ ကျော်**

မြန်မာနိုင်ငံကဲ့သို့ ဝိသေသထူးခြားပြီး လူမျိုးပေါင်း ၁၀၀ ကျော်၊ နိုင်ငံရေးပါတီပေါင်း မြောက်မြားစွာကွဲပြားနေသည့် အခြေအနေမျိုးတွင် ငြိမ်းချမ်းရေးအတွက် ပုံဖော်ရန် ဒေါက်တိုင်သုံးတိုင် လိုအပ်ပါလိမ့်မည်။ ပထမ အမျိုးသားနိုင်ငံရေးကိုယ်စားပြုတပ်မတော်၊ ဒုတိယ နိုင်ငံရေးပါတီများအတွင်းမှ ပြည်သူ့ဆန္ဒအစစ်အမှန်ကို အများဆုံးရှိသည့် ပါတီနှင့် အထိုက်အလျောက်မဲဆန္ဒများကို ရရှိသည့်ပါတီများကို PR စနစ်ဖြင့် ရွေးပြီး အစိုးရဖွဲ့ပေးမည့် လွှတ်တော်၊ တတိယ လူမျိုးစုများကို အချိုးကျထည့်သွင်းဖွဲ့စည်းမည့် ဖက်ဒရယ်ကိုယ်စားပြုလွှတ်တော်တို့ပင်ဖြစ်သည်။ ဤသုံးခုက အာဏာကို မျှမျှတတခွဲဝေကျင့်သုံးမည်ဆိုလျှင် တန်းတူရည်တူအာဏာရှိမည်ဖြစ်ပါသည်။

သို့မှသာ ပြည်သူ၏လိုအင်ဆန္ဒကို ထင်ဟပ်နိုင်မည်၊ ငြိမ်းချမ်းရေးထာဝရတည်မြဲစေရန် အလုပ်လုပ်နိုင်လိမ့်မည်ဖြစ်ပါသည်။ အဓိကအကျဆုံးအချက်က တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍအခွန့်ရှည်ဖို့ပင် ဖြစ်ပါသည်။

တပ်မတော်ခေါင်းဆောင်အားလုံးကို အလေးပြုလျက် ဤဆောင်းပါးဖြင့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

■

# မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာအတွေ့အကြုံနှင့် ဗဟုသုတများဖလှယ်ရန် သင်တန်းဖွင့်



နေပြည်တော် မတ် ၁၄

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂)များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

## အထူးကြိုးပမ်းဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက သင်တန်းသားများအနေဖြင့် လုပ်ငန်းအတွေ့အကြုံ နည်းပါးနေသေးသော်လည်း သင်တန်းကပို့ချမည့် စာတွေ့/လက်တွေ့ ဘာသာရပ်များကို မိမိတို့၏ ပင်ကိုစွမ်းရည်၊ အရည်အချင်း၊ အတွေးအခေါ် အယူအဆများနှင့် ပေါင်းစပ်ပြီး၊ အပြန်အလှန်ဆွေးနွေးခြင်း၊ သင်တန်းသားများ အချင်းချင်း အသိပညာဖလှယ်ခြင်းတို့ဖြင့် မိမိတို့ဌာန တိုးတက်ရေး၊ မိမိဘဝတိုးတက်အောင်မြင်မှု ရရှိရေးတို့အတွက် အထူးကြိုးပမ်းဆောင်ရွက်သွားရန် အလေးထား မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် အဓိကရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာအတွေ့အကြုံနှင့် ဗဟုသုတများကို ဖလှယ်ရန်၊ အလေ့အကျင့်ကောင်းများနှင့် နည်းစနစ်အသစ်များဖြစ်ထွန်းရန်နှင့် သင်တန်းတက်ရောက်လာသည့် သင်တန်းသားများအနေဖြင့် မိမိတို့ကျရာတာဝန်များကို ကောင်းမွန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် ရုပ်ပိုင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေး မှန်ကန်ကောင်းမွန်ရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ အရည်အချင်းများလည်း မှန်ကန်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ စွမ်းဆောင်ရည်ကောင်းမွန်သော ဝန်ထမ်းများ ဖြစ်လာစေရန်နှင့် အဂတိလိုက်စားမှုကင်းရှင်းပြီး ပြည်သူကိုဝန်ဆောင်မှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်သော ဝန်ထမ်းများဖြစ်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

## ရက်သတ္တလေးပတ်

အဆိုပါ သင်တန်းတွင် သင်တန်းသားသင်တန်းသူ ၃၀ ကို စာတွေ့/လက်တွေ့ဖြင့် ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆီထွက်နေကြာ တိုးချဲ့စိုက်ပျိုးရေး၊ ငါးပုစွန် သားပေါက်များ အရည်အသွေးနှင့် အရေအတွက် ပြည့်မီစွာထုတ်လုပ်ပေးရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၁၄

ဧရာဝတီ တိုင်းဒေသကြီး၌ ဆီထွက်နေကြာတိုးချဲ့စိုက်ပျိုးရေး လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာ၌ ကျင်းပသည်။

## တက်ရောက်

ဆွေးနွေးပွဲသို့ ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တောင်သူများ တွက်ခြေကိုက်မည့် အထွက်နှုန်းနှင့် ဝင်ငွေ ရရှိရေးအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ စီမံဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာများ၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

စာရင်းများအရ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံစိုက်ဧရိယာအနေဖြင့် မြေပဲဧက ၂၈ သိန်းကျော်၊ နှမ်းဧက ၃၈ သိန်း၊ နေကြာဧက ခြောက်သိန်းခန့် အပါအဝင် ဆီထွက်သီးနှံ စိုက်ဧက ၇၆ သိန်းကျော် စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း၊ ပြည်တွင်း၌ မြေပဲဆီနှင့် နှမ်းဆီ နှစ်မျိုးကို အဓိက ထုတ်လုပ်စားသုံးမှုရှိပြီး ဝင်ငွေနည်း ပြည်သူများအနေဖြင့် စားအုန်းဆီနှင့် ရောနှောဆီများကို စားသုံးလျက်ရှိသဖြင့် နှစ်စဉ်ပြည်ပမှ စားအုန်းဆီ မက်ထရစ်တန် နှစ်သိန်းခန့်ကို တင်သွင်းနေရလျက်ရှိရာ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ကာလတိုအတွင်း သိသိသာသာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် တစ်ဧက ဆီထွက်ရှိနိုင်မှု မြင့်မားသော စပ်မျိုးနေကြာ စိုက်ပျိုးရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဧက ၁၅ သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ဆောင်းသီးနှံအဖြစ် နေကြာဧက နှစ်သိန်းကျော် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး သီးနှံပေါ်ချိန် ဆီထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာ ပုစွန်သားဖောက်စခန်းနှင့် မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ ငါးပုစွန် မွေးမြူထုတ်လုပ်မှုအတွက် လိုအပ်သည့် သားပေါက်များ အရည်အသွေးနှင့် အရေအတွက် ပြည့်မီစွာ ထုတ်လုပ်ပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့်ဆွေးနွေးမှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်ခရိုင် ညောင်တုန်းကျွန်းရှိ မဲဇလီ ရေထိန်းတံခါးကြံ့ခိုင်မှုနှင့် ရေဝင်ရေလွှဲ ထိန်းသိမ်းမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မအူပင်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်များရှိ ရေနက်ကွင်းဧရိယာများအတွင်း မိုးရာသီ ရေလွှမ်းမိုးမှု ကာကွယ်ပေးရေးလုပ်ငန်းများနှင့် နွေရာသီတွင် နွေစပါးသီးနှံ အပါအဝင် အခြားသီးနှံများကို ရေနက်ကွင်းများ၌ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး၊ သီးနှံပုံစံ မှန်ကန်ရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စက်သုံးဆီ(ပရီမီယံဒီဇယ်ဆီ / ဒီဇယ်ဆီ)ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

ရန်ကုန် မတ် ၁၄

စက်သုံးဆီ(ပရီမီယံဒီဇယ်ဆီ/ ဒီဇယ်ဆီ)များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိပြီး ထိုသို့ရောင်းချပေးနေသည့် စက်သုံးဆီအရောင်းဆိုင်အရေအတွက်ကို ပိုမိုတိုးတက်ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ သိရသည်။

## ရောင်းချပေးခဲ့

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှော်ဘီမြို့နယ်ရှိ KS(095)၊ လှည်းကူးမြို့နယ်ရှိ ထက်ဧကရီ၊ အင်းစိန်မြို့နယ်ရှိ သရဖူ စသည့် စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်တွင် ပရီမီယံဒီဇယ်ဆီ တစ်လီတာ ၁၈၃၃ ကျပ်၊ ဒီဇယ်ဆီတစ်လီတာ ၁၇၆၅ ကျပ် အထူးနှုန်းဖြင့် ဈေးလျှော့၍ မတ် ၁၄ ရက်တွင် ရောင်းချပေးခဲ့သည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်၊ မွန်ပြည်နယ်တွင် အရောင်းဆိုင်လေးဆိုင်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် စက်သုံးဆီအရောင်းဆိုင် ငါးဆိုင်၊ ရခိုင်ပြည်နယ်တွင် အရောင်းဆိုင်ခြောက်ဆိုင်၊ ရှမ်းပြည်နယ်တွင် အရောင်းဆိုင် ရှစ်ဆိုင်တို့၌ အထူးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"သတ်မှတ်ထားတဲ့ စက်သုံးဆီဆိုင်တွေမှာ ဒီဇယ်ကို အထူးနှုန်းနဲ့ ရောင်းချပေးနေပြီး မည်သူမဆို ဝယ်ယူနိုင်ပါတယ်။ ဒီဇယ်က လုပ်ငန်းသုံးတဲ့ မော်တော်ယာဉ်တွေ၊ ခရီးသည်ပို့ဆောင်ရေး၊ မီးစက်တွေမှာ အသုံးပြုကြတာ ဖြစ်ပါတယ်။ အခုရောင်းပေးတဲ့ဈေးက ငွေကျပ် ၁၈၀၀ ကျော်ပါ။ အပြင် စက်သုံးဆီဆိုင်တွေက တစ်လီတာကို ငွေကျပ် ၂၀၀၀ ကျော် ဆိုတော့ တစ်လီတာ ငွေကျပ် ၁၅၀ - ၂၀၀ လောက်တော့ သက်သာပါတယ်"ဟု စက်သုံးဆီရောင်းချသည့်လုပ်ငန်း လုပ်ကိုင်နေသူ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

## အရောင်းဆိုင် ၂၀၀ ခန့်

ထိုကဲ့သို့ အထူးနှုန်းဖြင့် ရောင်းချခြင်းကို ပြီးခဲ့သည့်ဖေဖော်ဝါရီလဆန်းမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင် ၂၀၀ ခန့်၌ အထူးနှုန်းဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာကို ရည်ညွှန်းဈေးဖြင့် စက်သုံးဆီကဏ္ဍအတွက် ရောင်းချပေးလျက်ရှိရာ ဒီဇယ်ဆီများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ကုမ္ပဏီ/အရောင်းဆိုင်များကို ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီကကြီးကြပ်၍ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ စိစစ်ခွဲဝေပေးမှုဖြင့် ယခုကဲ့သို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုထက်

❒ လက်စတာမှ

သောမက်ပါတေးက တစ်ဂိုးနဲ့ ဒုတိယပိုင်း ပွဲကစားချိန် ၅၉ မိနစ်မှာ ပင်နယ်တီပြစ်ဒဏ်ဘောကနေတစ်ဆင့် လာကာဇက်က တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းကို အနိုင်ရရှိပြီးနောက် အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၆ ပွဲကစားပြီးချိန်မှာ ရမှတ် ၅၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာ တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက ၁၉၉၈-၁၉၉၉ ဘောလုံးရာသီကစပြီး ချန်ပီယံလိဂ်ဝင်ခွင့် ၁၉ ရာသီ ဆက်တိုက်ရရှိခဲ့ဖူးတဲ့အသင်း ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လက်စတာစီးတီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ခြင်းဟာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းဟာ အဆင့်(၄)နေရာ တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် နည်းပြ ဘရန်ဒန်ရော်ဂျာရဲ့ လက်စတာစီးတီး အသင်းကတော့ အာဆင်နယ်ကိုရှုံးခဲ့လို့ အမှတ်ပေးဇယားအဆင့် ၁၂ နေရာမှာ ရပ်တည်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# ဟန်လင်းတောင် ကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရွာငံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၁၅၀၀၀ ရှိသော နယ်မြေကို "ဟန်လင်းတောင် ကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၂)အရ ၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (၂၀၂၂ ခုနှစ် မတ်လ ၁၁ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တောသည် ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတု ညီညွတ်မျှတစေခြင်း၊ မြေဆီမြေသား ကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့်လိုအပ်ချက်များကို သဘာဝသစ်တောများမှသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အစွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း ဆင်တုံးမန္တယ်၊ ရှဥ့်မတက်၊ ဝံအူ၊ ကျားမနိုင်၊ သားမယားဥ၊ တောင်နံကြီး စသည့် ဆေးဖက်ဝင်အပင်များ ပေါများစွာ ပေါက်ရောက်ခြင်း၊ တောဝက်၊ တောကြောင်၊ တောကြက်၊ ချေ၊ ရစ်၊ ယုန်၊ ချိုး၊ ခါ စသည့် တိရစ္ဆာန်များ၏ကျက်စားရာ နေရာဒေသဖြစ်ခြင်း၊ အဖိုးတန် သစ်မျိုးများဖြစ်သည့် ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ၊ ယင်းမာ အစရှိသည့် သစ်မျိုးများအပါအဝင် ယင်းတိုက်၊ လွန်ဖို၊ နဘဲ၊ ဖန်ခါး၊ သရက်ကြီး၊ ကျွန်းခေါက်နွယ်၊ လျှော်၊ ကြို့ စသည်တို့ ပေါက်ရောက်ခြင်းနှင့် မြို့ကြီးဆည်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်း တို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်း ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး မတ် ၁၄**

ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ၄/၂၀၂၂ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**လျော့နည်းကျဆင်းသွား**

ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက မတ် ၁၃ ရက် ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ပိုးတွေ့ရှိသူ ၂၂ ဦး၊ (မြောက်ပိုင်း) တွင် ပိုးတွေ့ရှိသူ ကိုးဦးနှင့် (အရှေ့ပိုင်း)တွင် ပိုးတွေ့ရှိသူ ၆၆ ဦး တွေ့ရှိခဲ့ရာ တစ်ပတ်အတွင်း ပိုးတွေ့ရှိမှု နှိုင်းယှဉ်ချက်စာရင်းအရ မတ် ၆ ရက်တွင် ပိုးတွေ့ရှိသူ ၁၄၂ ဦးတွေ့ရှိခဲ့ပြီး မတ် ၁၃ ရက်တွင် ပိုးတွေ့ရှိသူ ၉၇ ဦးတွေ့ရှိခဲ့ရာ ၄၅ ဦး လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကာကွယ်ဆေး ထိုးနှံရန် အကျုံးဝင်သူ လျာထားဦးရေ ပြည်သူ ၃၂၀၄၇၄၂ ဦး၊ ကျောင်းသား ကျောင်းသူ ၁၅၂၇၈၇ ဦး စုစုပေါင်း ၃၃၅၇၅၂၉ ဦးအား ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးခဲ့ရာ မတ် ၁၃ ရက်အထိ ပထမအကြိမ် ထိုးနှံပြီးသူ ၂၁၉၅၅၂၀၊ ရာခိုင်နှုန်းအားဖြင့် ၆၅ ရာခိုင်နှုန်း၊ ဒုတိယအကြိမ်ထိုးနှံပြီးသူ ၁၈၉၇၂၄၆ ဦး ရာခိုင်နှုန်းအားဖြင့် ၅၇ ရာခိုင်နှုန်း ထိုးနှံဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံပြီးစီးရေး လမ်းညွှန်ချက်အပေါ် ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် အင်အား ၁၂၀၉၂၉၉ ဦးတွင် မတ် ၁ ရက်မှ ၁၃ ရက်အထိ ၅၆၀၇၄ ဦးသာ ထိုးနှံနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၄ ဒသမ ၆၄ ရာခိုင်နှုန်းသာ ဆေးထိုးနှံဆောင်ရွက်နိုင်ခဲ့ပြီး ပြည်နယ်တစ်ခုလုံးအနေဖြင့် မတ် ၁၃ ရက်တွင် ၆၁၁၂ ဦးသာ ထိုးနှံနိုင်ခဲ့သည်ကိုတွေ့ရှိရသဖြင့် ရာနှုန်းပြည့် လျာထားအင်အားပြည့်မီအောင် ပျမ်းမျှနေ့စဉ် ၃၀၂၃၂ ဦး ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်နိုင်မှုမရှိသည်ကို တွေ့ရှိရသဖြင့် လျာထားချက်ထက် လျော့နည်းမှုမရှိစေရေး ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ပြောကြားပြီး ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှဦး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) ရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဆွေးနွေးတင်ပြရာ ဆွေးနွေးတင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တောင်ကြီးမြို့ ရေပေးဝေရေးလုပ်ငန်းအား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နိုင်ရေး နည်းပညာရှင်းလင်း

**တောင်ကြီး မတ် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၏ ရေပေးဝေရေး လုပ်ငန်းအား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နိုင်ရေး နည်းပညာဆိုင်ရာ ရှင်းလင်းတင်ပြခြင်းကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

**ရှင်းလင်းတင်ပြ**

တောင်ကြီးမြို့၌ နေထိုင်ကြသောပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ရေလုံလောက်စွာ ရရှိရေးအတွက် တိုးချဲ့ရေပေးဝေခြင်းနှင့် အဆင့်မြှင့်တင်သန့်စင်၍ ခေတ်မီစနစ်ကျသော ရေပေးဝေရေးစနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်နိုင်ရေး ဦးစွာစိတ်ဝင်စားမှု အဆိုပြုလွှာ EOI ခေါ်ယူခဲ့ရာ အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီ နှစ်ခု၏ ပဏာမရှင်းလင်းခြင်းကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်းနှင့် ယနေ့တွင် IGE ကုမ္ပဏီမှ ရေပေးဝေရေးစနစ် နည်းပညာပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။



အဆိုပါ ရှင်းလင်းပွဲသို့ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ EOI စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**စိုးလင်း (တောင်ကြီး)**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်



## ပါရမီလမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများနှင့် ရန်ကုန်မြို့နေပြည်သူများ သောက်သုံးရေသုံးစွဲမှုအဆင်ပြေစေရေး ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့်အတူ နံနက် ၇ နာရီခွဲတွင် ရန်ကင်းမြို့နယ်(၈)ရပ်ကွက်ရှိ ရေပေါက်ကြည်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းအတွင်းမှ အမှိုက်နှင့် နုန်းများကို လူအင်အား၊ ယန္တရားအင်အားများဖြင့် ဆယ်ယူရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပါရမီလမ်းတစ်လျှောက် သန့်ရှင်းသာယာသပ်ရပ်ရေးအတွက် လမ်းဘေးဝဲ/ယာ အမှိုက်များ ရှင်းလင်းနေမှု၊ လမ်းတစ်လျှောက် အရိပ်ရပင်၊ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်းအလင်းဖွင့်နေမှုတို့ကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းပေါ်ရှိ တကောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ ရန်ကုန်မြို့တွင်း ရေရှားပါးသောမြို့နယ်များကို သောက်သုံးရေဖြန့်ဖြူးနိုင်ရန် စည်ပင်သာယာရေးယာဉ်များနှင့် ရှင်သန်ရေးကူညီမှုအသင်းမှ ရေဂါလန် ၃၅၀၀ ဆံ့နှင့် ရေဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ရေများဖြည့်တင်းနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်သည် နံနက် ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိ ရေကူးရေတွန်းစက်ရုံ ရေအလေအလွင့်ဆုံးရှုံးမှု ထိန်းသိမ်းရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း သင်တန်းခန်းမ၌ ပြုလုပ်သော နွေရာသီကာလ လျှပ်စစ်မီးပြတ်တောက်ချိန်များတွင် ရန်ကုန်မြို့နေပြည်သူများ သောက်သုံးရေသုံးစွဲမှုအဆင်ပြေစေရန် ရေပေးဝေရေးစီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကို တတ်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သတင်းမှား၊ သတင်းမှန်ခွဲခြားနိုင်စေရေး ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ပူးပေါင်း၍ သတင်းမှား၊ သတင်းမှန်ခွဲခြားနိုင်စေရေးဆွေးနွေးပွဲကို မတ် ၁၄ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ ကောင်စီဝင်များဖြစ်ကြသော ဦးသက်နိုင်ဦးနှင့် ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)တို့က သတင်းမှား၊ သတင်းမှန်ခွဲခြားသုံးသပ်နိုင်ရေးအပြင် နိုင်ငံ့ဝန်ထမ်းတိုင်း လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေနှင့်ကျင့်ဝတ်များ၊ နိုင်ငံသားတိုင်း နိုင်ငံချစ်စိတ်မြှင့်တင်ရေးလိုအပ်ပုံများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အနယ်နယ်အရပ်ရပ်မှ သင်တန်းသား သင်တန်းသူ ၁၆၀ ခန့် တက်ရောက်ခဲ့သည်။ ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနိုင်က ကျေးဇူးတင်စကားပြောကြားကာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့်ကောင်စီဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**နောက် နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် မတ် ၁၄

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပိုးသတ်ဆေးများ အန္တရာယ်ကင်းစွာသုံးစွဲရေး တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

ဂွ မတ် ၁၄

ရခိုင်ပြည်နယ် ဂွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် သံတွဲခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အန္တရာယ်ကင်းရှင်းရေး၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ စနစ်တကျ ကိုင်တွယ်သုံးစွဲရေးများနှင့် ပတ်သက်သော တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ထွန်းလင်းက ပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုဆွေးနွေးသည်။ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ဝါဝါထွန်းက ပိုးသတ်ဆေးများကို အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ရန်အချက်များ၊ ပိုးသတ်ဆေးများကို စနစ်တကျ အန္တရာယ်ကင်းစွာ ကိုင်တွယ်သိုလှောင်နည်းများ၊ ပိုးသတ်ဆေးဘူးခွံများနှင့် သက်တမ်းလွန်ပိုးသတ်ဆေးများကို စနစ်တကျ စွန့်ပစ်ဖယ်ရှားနည်းများ၊ အရေးကြီးသည့် ရှေးဦးသူနာပြုစုနည်းများ၊ တောင်သူများအနေဖြင့် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများ ဝယ်ယူသုံးစွဲပါက သတိပြုစစ်ဆေးရမည့်အချက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရွှေရည်ဝင်းကျော်(ပြန်/ဆက်)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား "အစီအစဉ်မှ "စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရပ်/ကျေးစာရေး အမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်မှု" ခေါင်းစဉ်ဖြင့် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "စိုးရိမ်ဖွယ်ရာ လူငယ့်ပညာရေးနှင့် အနာဂတ်ကို သင်းသတ်နေသူများ" နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၄

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိူး)၊ မွန်၊ ရခိုင်၊ ရှမ်း ၊ "ဂ" ၊ ကချင်၊ ကယားဘာသာ အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်း(ချိူး) ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီ အထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ 'ဂ' ဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၈ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၁၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကာလအတွင်း ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ခြင်း လုပ်ငန်းစဉ်အတွက် ကုန်ကျစရိတ်နှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်

၁။ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ တရားဝင်စေလွှတ်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ဝန်ဆောင်ခနှုန်းထားများနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံဘက်တွင် ကိုဗစ်-၁၉ ရောဂါ ၂ ကြိမ် ဆေးစစ်ခ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးရသေးသူများအတွက် ဆေးထိုးနှံခ၊ Quarantine ကုန်ကျစရိတ်များကို **အလုပ်ရှင်မှ ကျခံသွားရမည်**ဖြစ်ပါသည်။

၂။ အလုပ်သမားများ ကျခံရမည့်ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်သည့် အလုပ်သမားများသည် ကျန်းမာရေးအာမခံ (၄)လစာအပါအဝင် **၅၃၉၀ ဘတ်**၊ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ခြင်းမရှိသည့် (အိမ်တွင်းအထောက်အကူပြုလုပ်ငန်း၊ ရာသီသီးနှံလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ရေလုပ်သား၊ ကုန်တင်/ကုန်ချလုပ်ငန်း၊ ဆားချက်လုပ်ငန်း) အလုပ်သမားများသည် ကျန်းမာရေးအာမခံ ၂ နှစ်စာအပါအဝင် **၇၆၀၀ ဘတ်** ကျခံရမည်ဖြစ်ပြီး အလုပ်ရှင်ကုန်ကျမည့် ကုန်ကျစရိတ်များကို အလုပ်သမားထံမှ ဖြတ်တောက်မှုမရှိစေရေး အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်တွင် နောက်ဆက်တွဲဖြင့် ထည့်သွင်းချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီမှ ပြည်ပအလုပ်အကိုင်အကျိုးဆောင်(ထိုင်း) လိုင်စင်ရအေဂျင်စီများသို့ အလုပ်သမားများထံမှ ကောက်ခံရမည့် ဝန်ဆောင်စရိတ်နှုန်းထားကို **၃၀၀၀၀၀ ကျပ်**ထက် ပိုမိုကောက်ခံခြင်းမပြုရန် ညွှန်ကြားပြီးဖြစ်ပါသည်။

၄။ ထိုင်းနိုင်ငံဘက်နှင့် မြန်မာနိုင်ငံဘက်မှသတ်မှတ်ထားသည့် ဝန်ဆောင်စရိတ်ထက် ပိုမိုပေးဆောင်ရခြင်းများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်-

**(က) မြန်မာနိုင်ငံ**

(၁) ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ - ၀၆၇-၃၄၃၀၄၄၂၊ ၀၆၇-၃၄၃၀၁၈၅

(၂) Complaint Mechanism - ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၈၄၊ ၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇

**( ခ ) ထိုင်းနိုင်ငံရှိ အလုပ်သမားသံအရာရှိများ**

(၁) ဦးအောင်ကိုဇော် (ဗန်ကောက်) - ၀၉၄၈၈၄၅၄၈၄

(၂) ဦးရဲလင်းထက် (ရနောင်း) - ၀၆၅၂၂၀၆၉၅၁

(၃) ဦးလင်းမြတ် (ဗန်ကောက်) - ၀၆၅၂၂၀၆၉၅၂

(၄) ဦးပြည့်ဖြိုးအောင် (မဲဆောက်) - ၀၆၅၂၂၀၆၉၅၃

(၅) ဦးအောင်အောင် (ချင်းမိုင်) - ၀၉၉၀၅၉၂၃၅၂

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

# မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်များရေးဆွဲပြီး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်တို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များရေးဆွဲပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောကြားသည်။

**စီမံထားရှိ**

ယခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်တို့၌ မီးဘေးလုံခြုံရေးနှင့် မီးလောင်ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေးအတွက် လက်တွေ့ကျသည့် စီမံချက်များရေးဆွဲပြီး စစ်ဆေးခြင်းများ၊ သတိပေးခြင်းများ၊ လှုံ့ဆော်ခြင်းများ၊ သရုပ်ပြသခြင်းများ၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများနှင့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုများပြုလုပ်နေကြောင်း၊ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း မီးလန့်မှုနှင့် မီးလောင်မှုဖြစ်ပွားပေါ်ပေါက်ပါက အသင့်အနေအထားဖြင့် ပြင်ဆင်ထားရှိကြောင်း၊ အဆိုပါကိစ္စများ ပေါ်ပေါက်လာပါကလည်း ပြည်သူလူထု အလွယ်တကူဆက်သွယ်နိုင်ရန် ဖုန်းနံပါတ် ၁၉၁ စနစ်ကိုလည်း စီမံထားရှိကြောင်း သိရသည်။



"တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုနဲ့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ပြည်သူလူထုကို အချိန်နဲ့တစ်ပြေးညီ ကာကွယ်စောင့်ရှောက်ဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေပါတယ်။ မီးငြိမ်းသတ်ရေးနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းလုပ်ငန်းတွေ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ မီးသတ်ဦးစီးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မီးလောင်မှုအကြိမ်ရေ လျော့ကျနိုင်မယ်။ မီးလောင်ဆုံးရှုံးမှုတွေကိုလည်း လျှော့ချနိုင်မှာပါ။ မီးငြိမ်းသတ်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ရေရရှိရေးလုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

**ဆောင်ရွက်နေ**

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အတွက် ပြည်သူလူထုနှင့် ပူးပေါင်းပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်းများကို ဆောင်ရွက်နေကြောင်း၊ စစ်ဆေးခြင်းများဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ၊ လူနေအိမ်များနှင့် မီးဘေးစိုးရိမ်ရသည့် လုပ်ငန်းများဖြစ်သည့် စက်သုံးဆီဆိုင်များ၊ ဂက်(စ်)ဆိုင်များကို သက်ဆိုင်ရာ အရန်မီးသတ်တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် စစ်ဆေးခြင်း၊ သတိပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မီးလောင်မှုအကြိမ်ရေ ၂၄၅ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးလောင်ဆုံးရှုံးမှုတန်ဖိုးမှာ ၂၈၅ ဒသမ ၉၅၃ သန်း ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမီးကြောင့်ဖြစ်ပွားမှု အကြိမ်ရေအများဆုံးဖြစ်ပြီး လျှပ်စစ်ကြောင့် မီးလောင်မှုအကြိမ်ရေသည် ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကြို့ပင်ကောက်မြို့၌ စားသုံးဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**ကြို့ပင်ကောက် မတ် ၁၄**

မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်း၏ စီစဉ်မှုဖြင့် စားသုံးဆီများ သက်သာသောဈေးဖြင့် ဒေသခံပြည်သူများအား ရောင်းချပေးခြင်းကို ကြို့ပင်ကောက်မြို့ ဈေးချိုမြောက်ရပ်ကွက် ရုံးလမ်းရှိ ရွှေဂျုံးဖိုကုန်မျိုးစုံဆိုင်တွင် မတ် ၁၃ ရက် နံနက်ပိုင်းမှ စတင်ရောင်းချပေးလျက်ရှိသည်။

ကြို့ပင်ကောက်မြို့ဒေသခံများ သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများ ဝယ်ယူစားသုံးနိုင်ရန် တစ်ပိဿာလျှင် ငွေကျပ် ၆၈၀၀ နှုန်းဖြင့် တစ်အိမ်ထောင်လျှင် သုံးပိဿာနှုန်း ရောင်းချပေးလျက်ရှိကြောင်း၊ မြို့ပေါ်တွင်သာမက ကျေးရွာများမှ ဒေသခံများကိုလည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တစ်ရက်လျှင် ပိဿာချိန် ၁၁၀ ပါ ဆီပီပါ ငါးလုံး ရောင်းချပေးမည်ဖြစ်ပြီး စုစုပေါင်း ဆီပီပါ ၁၅ လုံး ရောင်းချပေးရန် ရရှိထားကြောင်း၊ ယနေ့အချိန်အထိ ဆီပီပါ လေးလုံးရောင်းချပြီးဖြစ်ကြောင်း ရွှေဂျုံးဖိုကုန်မျိုးစုံဆိုင်ပိုင်ရှင် ဦးတင်လှထွန်းက ပြောသည်။

ဈေးကွက်အတွင်း ဟင်းသီးဟင်းရွက်ဆီအမျိုးအစားကို တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ကျော်၊ ပဲဆီဆုံဆီ တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ခန့်နှင့် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ နှုန်းဖြင့် ဒေသခံပြည်သူများ ဝယ်ယူစားသုံးနေရသဖြင့် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် တစ်အိမ်ထောင်လျှင် သုံးပိဿာနှုန်း ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ယင်းသို့ ရောင်းချနေမှုများအား စားသုံးသူရေးရာဦးစီးဌာန ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်၌ နေကြာ ဧက ၅၈၅၀၀ စိုက်ပျိုးရန် လျာထား

**ရမည်းသင်း မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း၌ ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာကို ဧက ၅၈၅၀၀ စိုက်ပျိုးရန် လျာထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**တိုးချဲ့စိုက်ပျိုးသွားမည်**

ယခင်နှစ်က ရမည်းသင်းမြို့နယ်အတွင်း၌ ဆီထွက်နေကြာကို ၃၂၀၃၈ ဧက စိုက်ပျိုးခဲ့သည်။ ယခု ၂၀၂၂ -၂၀၂၃ စိုက်ပျိုးရာသီတွင် မိုးနေကြာ ဧက ၁၁၀၀၀၊ ဆောင်းနေကြာ ဧက ၄၇၅၀၀ စုစုပေါင်း ဧက ၅၈၅၀၀ စိုက်ပျိုးရန် လျာထားသောကြောင့် ယခင်နှစ်ကထက် ၂၆၄၆၂ ဧက တိုးချဲ့စိုက်ပျိုးသွားမည်ဟု သိရသည်။

ရေဆင်း-၁ စပ်မျိုးနေကြာနှင့် ဆင်းရွှေကြာ-၂ နေကြာမျိုးတို့ကို စိုက်ပျိုးကြပြီး ဆင်းရွှေကြာ-၂ နေကြာမျိုးကို အစိုက်များကြကြောင်း သိရသည်။ ရမည်းသင်းမြို့နယ်အတွင်း ရာသီဥတုနှင့်



နေကြာစိုက်ပျိုးမှုမှာ ကိုက်ညီမှုရှိသောကြောင့် ဒေသခံတောင်သူများမှာ နေကြာကို မိုးရာသီနှင့် ဆောင်းရာသီတွင် စိုက်ပျိုးကြသည်။ စားသုံးဆီအတွက်သာ အဓိကထား စိုက်ပျိုးကြခြင်းဖြစ်ပြီး ပိုလျှံမှသာ ရောင်းချကြသည်။

ရမည်းသင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်တောင်သူများ နေကြာမျိုးစေ့ မှန်ကန်ရေး၊ အထွက်နှုန်းတိုးရေးအတွက် ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီတွင် ဆင်းရွှေကြာ-၂ နေကြာမျိုးကို မိုးရာသီတွင် ဧက ၄၀၀ မျိုးစေ့ထုတ်စိုက်ပျိုးပြီး ထွက်ရှိသောနေကြာမျိုးစေ့များကို ဆောင်းရာသီတွင် စိုက်ပျိုးနိုင်ရန်အတွက် နေကြာစိုက်တောင်သူများအား ပြန်လည်ဖြန့်ဖြူးပေးရန် စီစဉ်ထားကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၂)နှစ် သိက္ခာတော် (၇၂)ဝါအရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း(၁၂)ရက်၊ မတ် ၁၃ ရက် (တနင်္ဂနွေနေ့) ည ၉ နာရီ ၅၄ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



နေပြည်တော် မတ် ၁၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပညာရောင်ခြည်စာသင်တိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ တောင်တန်းသာသနာပြုကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ ဓမ္မာရုံအုဋ္ဌကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ မြို့မစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဖျာပုံမြို့နယ် တူးမြောင်းကျေးရွာ ဘက်စုံသုံးတန်ဆောင်းရေစက်ချအခမ်းအနား ကျင်းပ

ဖျာပုံ မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် တူးမြောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် ဘက်စုံသုံးတန်ဆောင်းမဏ္ဍပ် ရေစက်ချလှူဒါန်းပွဲအခမ်းအနားကို မတ် ၁၃ ရက်က ခရိုင်ဘော်ကျေးရွာအုပ်စု တူးမြောင်းကျေးရွာရှိ သာသနာ့မာန်အောင်ရွှေကျင်ကျောင်း၌ ကျင်းပသည်။ အဆိုပါလှူဒါန်းမှုကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒအောင်မြေကျောင်းဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလအမှူးထား၍ အလှူရှင်များက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နန္ဒအောင်မြေကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလက ဘက်စုံသုံးတန်ဆောင်း ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ဩဝါဒစကားပြောကြားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ယင်းနောက် မုတ္တမမြို့ ဓမ္မဒူတပရိယတ္တိစာသင်တိုက် မုတ္တမဆရာတော် ဓမ္မဒူတ အရှင်သီလာစာရထံမှ အနုမောဒနာ တရားတော်များ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **အာကာစိုး**



# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကမ္ဘောဇငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဈေးကွက်ဝင် တီလားပီးယားငါးမွေးမြူထုတ်လုပ်မှု ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကမ္ဘောဇငါးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဈေးကွက်ဝင် တီလားပီးယားငါးမွေးမြူမှုကို ရန်ကုန်တိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ တီးလားပီးယား ငါးမျိုးရင်းဖြင့် ဆည်၊ တမံတို့တွင် ပိုက်လှောင်အိမ်စနစ်ဖြင့် ပြည်ပဈေးကွက်ဝင် တီလားပီးယားငါးမွေးမြူမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကန်တူးစရိတ်မလိုခြင်း၊ စိုက်ပျိုးမြေဆုံးရှုံးမှုမရှိခြင်း၊ ရေပြုပြင်မှုနှင့် ဖမ်းဆီးမှုကုန်ကျစရိတ်မလိုသော ဆည်၊ တမံတို့တွင် ပိုက်လှောင်အိမ်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုသည် ငါးမွေးမြူမှုမှ ထွက်ရှိသော အညစ်အကြေးများ မြေဩဇာအဖြစ် လယ်အတွင်းဝင်ရောက်မှုဖြင့် စပါးအထွက်နှုန်း ၁၅ ရာခိုင်နှုန်းတိုးစေသောကြောင့် အာရှနိုင်ငံတို့ရှိ ဆည်၊ တမံနှင့် ကန်တို့တွင် ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။


မြန်မာနိုင်ငံတွင် ဆည်၊ တမံတို့၌ ပိုက်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူမှုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ဘက်စုံဆည်များတွင် ငါး/ပုစွန်မွေးမြူထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ မွေးမြူထုတ်လုပ်မှုသည် ကုန်ကျစရိတ်သက်သာစေပြီး ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေကာ မွေးမြူထုတ်လုပ်မှုကုန်ကျစရိတ် သက်သာသောကြောင့် အာရှနိုင်ငံတို့တွင် အောင်မြင်သော ရေထွက်ကုန်မွေးမြူမှုစနစ်တစ်ခုအဖြစ် ကမ္ဘောဇငါးလုပ်ငန်းအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တီလားပီးယားငါးဟာ ပြည်တွင်း ပြည်ပဈေးကွက်ရှိတဲ့အတွက် အာရှ ၁၃ နိုင်ငံက ဆည်၊ တမံတွေမှာ ပိုက်လှောင်အိမ်စနစ်မွေးမြူမှုနဲ့ အောင်မြင်နေတယ်လို့ ပြောရမှာပါ။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း ကြိုးပမ်းနေတယ်။ အင်ဒိုနီးရှားက တီလားပီးယားငါးအသေးကို ကမ္ဘောဇငါးလုပ်ငန်းအဖွဲ့နဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံက မွေးမြူရေးတောင်သူတွေကို အသိပညာပေးဆောင်ရွက်နေပါပြီ။ တစ်နှစ်ကိုနှစ်ကြိမ်မွေးမြူရောင်းချလို့ရတဲ့ ကာလတိုငါးဖြစ်တဲ့အတွက် မွေးသူ၊ စားသုံးသူ အဆင်ပြေတာကြောင့် ဈေးကွက်လိုအပ်ချက်အရ တောင်သူတွေ မွေးမြူထုတ်လုပ်ဖို့ ဆောင်ရွက်နေပါတယ်။ မလေးရှားက အင်းလေးကန်လို နေရာမျိုးမှာ လှောင်အိမ်အလုံးပေါင်း ၁၀၀၀၀ မွေးထားတာ အားရစရာတွေ့ရတယ်။ ကျွန်တော်တို့နိုင်ငံက ဆည်၊ တမံတွေမှာ ဒေသခံတွေ မွေးမြူကြမယ်ဆိုရင် ဒေသဖွံ့ဖြိုးမှုနဲ့ ဝင်ငွေတိုးမှုကို ရရှိစေနိုင်ပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက ပြောသည်။

တီလားပီးယားမွေးမြူမည့် တောင်သူများအား တွံတေးငါးသားပေါက်မွေးမြူရေးစခန်းမှ အကောင်ရေ ၁၀၀၀၀ လျှင် ၅၀၀၀ ကို ထောက်ပံ့ပေးလျက်ရှိပြီး ကြီးထွားနှုန်းကောင်းသော တီလားပီးယားငါးမျိုးစိတ်ကို ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်နှင့် ဒေးဒရဲတို့တွင် စတင်မွေးမြူလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ဆည်၊ တမံတို့တွင် မွေးမြူထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်းဈေးကွက်တွင် သက်သာသော ဈေးနှုန်းဖြင့် စားသုံးနိုင်သည့်အပြင် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သောကြောင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ကမ္ဘောဇငါးလုပ်ငန်းအဖွဲ့နှင့်ပူးပေါင်း၍ ပြည်ပဈေးကွက်ဝင် တီလားပီးယားငါးကို မွေးမြူထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

# နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



## ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၉)ရပ်ကွက် ခမည်းတော် ဦးဘောင်ဇောက်-မယ်တော် ဒေါ်အုန်းခင်တို့မှ ၁၂၉၂ ခုနှစ်၊ ဝါဆိုလဆန်း(၁၅) ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

## ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်၊ တပို့တွဲလဆန်း (၇) ရက်နေ့တွင် ခရမ်းမြို့နယ် အောင်မြင်သာကျောင်း ဆရာတော် ဦးပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၂ ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်နေ့တွင် အောင်မြင်သာကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍဝံသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

## ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ခရမ်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဒဿန၊ ဘဒ္ဒန္တစက္ကိန္ဒ၊ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တဉာဏောဘာသ၊ ဘဒ္ဒန္တကောဏ္ဍည၊ ဘဒ္ဒန္တတေဇနှင့် ဘဒ္ဒန္တကေလာသ စသော စာချဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

## သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ခရမ်းမြို့နယ် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၌ စာသင်သား ရဟန်းသာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပြသပို့ချပေးတော်မူခဲ့ခြင်း ၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ မြို့နယ်ဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ အကျိုးတော်ဆောင်၊ တိုင်းသံဃာ့ဝန်ဆောင်၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိကာယ်စာမေးပွဲကြီးကြပ်ရေး တာဝန်ခံ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၊ ယဉ်ကျေးမှုစာမေးပွဲတို့၏ ဩဝါဒါစရိယ၊ သကျမာရဇိန်သွန်းဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

## ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ အဂ္ဂမဟာ ပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၇-ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါအရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း(၁၂) ရက်၊ မတ် ၁၃ ရက် (တနင်္ဂနွေနေ့) ည ၉ နာရီ ၅၄ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# အီရတ်နိုင်ငံ ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်အား တိုက်ခိုက်ခဲ့မှုအတွက် ဖြေရှင်းချက်ပေးရန် အီရန်အား တောင်းဆို



**ဘဂ္ဂဒက် မတ် ၁၄**

အီရတ်နိုင်ငံ ကာဒ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာဘယ်မြို့အား အီရန်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုအပေါ် ဖြေရှင်းချက်ပေးရန် အီရတ်က ယမန်နေ့တွင် တောင်းဆိုခဲ့သည်။

ယခုအီရန်၏ တိုက်ခိုက်မှုသည် မိမိတို့နှစ်နိုင်ငံအကြား မိတ်ဆွေကောင်းများအဖြစ် ရပ်တည်နေမှုကို ဆန့်ကျင်ရာရောက်ပြီး နိုင်ငံတကာဥပဒေကိုလည်း ချိုးဖောက်ရာရောက်ကြောင်း အီရတ်နိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေး၌ အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်လ်ခါ ဒါမီက ပြောကြားသည်။

အီရတ်နိုင်ငံသည် အဆိုပါကိစ္စ ဖြေရှင်းဆောင်ရွက်ရန် သံတမန်နည်းလမ်းအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင် အီရတ်နိုင်ငံ၏ နယ်မြေများကို အသုံးပြု၍ အိမ်နီးချင်းနိုင်ငံများအား တိုက်ခိုက်ရန် ဆောင်ရွက်မှုများကိုလည်း အီရတ်နိုင်ငံက ခွင့်ပြုသွားမည်မဟုတ်ကြောင်း အဆိုပါကောင်စီက ပြောကြားသည်။

အဆိုပါဒုံးကျည်ဖြင့် တိုက်ခိုက်မှုဖြစ်စဉ်အတွင်း အီရန်တပ်ဖွဲ့များက တာဝေးပစ်ဒုံးကျည်များဖြင့် အာဘယ်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ချုပ်ရုံးအဆောက်အအုံနှင့်အနီးအနားရှိ လူနေအိမ်များအား ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ အရပ်သားတစ်ဦးဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# မလေးရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၅၃၅ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မတ် ၁၄**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၅၃၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၈၂၃၅၇၁ ဦးရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပြည်တွင်း၌ ကူးစက်ခံရသူ**

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၂၁၇၄ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၃၆၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၃၈၀၇ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၃၅၆ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၄၆၈၈၈ ဦး ရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၃၂၀၈၇၆ ဦး ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၈၃ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၇၈ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၆ ဒသမ ၈ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# သီရိလင်္ကာနိုင်ငံတွင် လူငယ်တစ်သန်းအား အလုပ်အကိုင်ရှာဖွေပေးမည့် အစီအစဉ်ဆောင်ရွက်မည်

**ကိုလံဘို မတ် ၁၄**

"သီရိလင်္ကာနိုင်ငံအတွက် မျှော်လင့်ချက်" ဟု အမည်ရသော သီရိလင်္ကာနိုင်ငံအတွင်းရှိ လူငယ်အရေအတွက် တစ်သန်းအား အလုပ်အကိုင်ရှာဖွေပေးမည့်အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရက ယနေ့ပြောကြားသည်။

**ပုံမှန်ဖြစ်လာစေရန်**

နိုင်ငံအတွင်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ပြီး နိုင်ငံသားများ၏ လူမှုစီးပွားဘဝကို ပုံမှန်ဖြစ်လာစေရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအစီအစဉ်အား မေလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံအတွင်းရှိ ပြည်နယ်ကိုးခုတွင် အလုပ်အကိုင်ဆိုင်ရာ ပြပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါပြပွဲများအတွင်း အလုပ်အကိုင်ရှာဖွေသူများနှင့် အလုပ်ရှင်များ တစုတဝေးတည်း တွေ့ဆုံနိုင်မည်ဖြစ်ကြောင်း သီရိလင်္ကာအားကစားနှင့် လူငယ်ရေးရာဝန်ကြီး နမာရာဂျာပက်ဆာက ပြောကြားသည်။ နိုင်ငံ့အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အဆိုပါ အလုပ်အကိုင်ရှာဖွေရေး အစီအစဉ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရုံမျှမက လူငယ်များကိုလည်း ဝင်ငွေရှာဖွေရန် အခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

သီရိလင်္ကာနိုင်ငံသား အများအပြားမှာ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်း အပါအဝင် သတ်မှတ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့သည့်အတွက် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုလျော့နည်းလာပြီဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံက အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည်

**ဆိုးလ် မတ် ၁၄**

တောင်ကိုရီးယားနိုင်ငံသည် အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများကို တိုက်ဖျက်ရန်အတွက် ယခုလနှောင်းပိုင်းတွင် နိုင်ငံအတွင်းရှိ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက မတ် ၁၄ ရက်တွင် ပြောကြားသည်။



တောင်ကိုရီးယားနိုင်ငံသည် အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကိုလည်း မတ် ၃၁ ရက်တွင် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် ၄၄၉၀၇၄၄၅ ဦး သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၈၆ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ၄၄၄၃၄၃၄၈ ဦးသည် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့လူဦးရေ၏ ၆၂ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် ၃၂၁၀၂၉၆၀ သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးသိန်းကျော် ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၈၆၆၂၂ ဦးရှိလာကြောင်းနှင့် တစ်ရက်အတွင်း ကူးစက်ခံရသူ သုံးသိန်းကျော်တွေ့ရှိသည်မှာ သုံးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# မိုဇမ်ဘစ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း ဂွမ်ဘီတိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၁၂ ဦး ရှိလာ



**မာပူတို မတ် ၁၄**

မိုဇမ်ဘစ်နိုင်ငံ နမ်ပူလာကမ်းရိုးတန်းပြည်နယ်၌ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ဂွမ်ဘီ ဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၁၂ ဦး ရှိလာခဲ့ကြောင်း မိုဇမ်ဘစ်နိုင်ငံ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်လျှော့ချရေးဌာနက မတ် ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါသေဆုံးခဲ့သူများသည် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဂွမ်ဘီတိုက်ခတ်ပြီးနောက် ဖြစ်ပွားခဲ့သည့် လူနေအိမ်များပြိုကျခြင်းနှင့် သစ်ပင်များလဲကျခြင်းတို့ကြောင့် ဖြစ်ကြောင်း မိုဇမ်ဘစ်နိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်လျှော့ချရေးဌာနက ပြောကြားသည်။

ယင်းအပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဇမ်ဘီဇီယာပြည်နယ်၌ လူတစ်ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ နမ်ပူလာပြည်နယ်ရှိ ပြည်သူ ၃၀၀၅၄ ဦးနှင့် ဇမ်ဘီဇီယာပြည်နယ်ရှိ ပြည်သူ ၆၁၀ တို့သည် အဆိုပါမုန်တိုင်းဒဏ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

မိုဇမ်ဘစ်နိုင်ငံ၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဂွမ်ဘီဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ် ၃၀၁၄ အိမ်နှင့် စာသင်ကျောင်း ၁၁၃ ကျောင်းတို့ ပျက်စီးမှု သို့မဟုတ် ရေကြီးရေနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၄၀ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကို အပေါ် စီရင်ချက်အမိန့်ချမှတ်

နေပြည်တော် မတ် ၁၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကို၏ လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးနှင့် ပစ္စည်းများ တောင်းခံရယူမှုများအပေါ် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုသည် နိုင်ငံတော်မှ လူပုဂ္ဂိုလ်များသို့ သာသနာ့နုဂ္ဂဟဘွဲ့ တံဆိပ် ၈ မျိုးအား နှစ်စဉ် ချီးမြှင့်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံမှ ငွေသားကျပ် သိန်း ၁၀၀ နှင့် ငွေကျပ်သိန်း ၃၀၀ တန် Blank Cheque တစ်စောင် လက်ခံရယူခဲ့ခြင်း၊ လုပ်ငန်းရှင်တစ်ဦးမှ လုပ်ငန်းများ ရေရှည်အဆင်ပြေစေရန်အတွက် ပေးအပ်သည့် ငွေကျပ် ၁၀၀၅ သိန်း တန်ဖိုးရှိ Ford Everest Titanium မော်တော်ယာဉ်တစ်စီးကို လက်ခံရယူခဲ့ခြင်း၊ အလေးချိန် ၂၀ ကျပ်သားခန့်ရှိသော ရွှေပန်းကန်တစ်ချပ်ကို ကျသင့်တန်ဖိုး ပေးချေခြင်းမရှိဘဲ လက်ခံရယူခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ၂၀၂၁ ခုနှစ်၊ မတ် ၁၉ ရက်၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၂၁၊ ၆/၂၀၂၁၊ ၇/၂၀၂၁ နှင့် ၃၂/၂၀၂၁ တို့ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ယင်းအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ မတ် ၁၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးဟောင်း သူရဦးအောင်ကိုအား ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၂၁၊ ၆/၂၀၂၁၊ ၇/၂၀၂၁ နှင့် ၃၂/၂၀၂၁ တို့အတွက် အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်စီဖြင့် စုစုပေါင်း အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်နှင့် Ford Everest Titanium မော်တော်ယာဉ် တစ်စီး၊ ငွေကျပ် သိန်း ၁၀၀ နှင့် ရွှေပန်းကန်ပြားတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း PDF အကြမ်းဖက်သမားများက ဒေသခံကျေးရွာများရှိ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်ပြီး လူနေအိမ်များ မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၁၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု ဝွေးချိုကျေးရွာနေ စည်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝေလွင်၏နေအိမ်သို့ မတ် ၁၃ ရက် နံနက်ပိုင်းက PDF အကြမ်းဖက်သမား ၂၀ ခန့်မှ ရောက်ရှိလာပြီး သေနတ်များ ပစ်ဖောက်၍ နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာ လူတစ်ဦးတစ်ယောက်မှ မတွေ့ရှိရသဖြင့် နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့ပြီး ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း ဒေသခံပြည်သူတစ်ဦးမှ သတင်းပေးပို့ချက်အရ လုံခြုံရေး ပူးပေါင်းအဖွဲ့များက မီးလောင်ရာနေရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သွားရောက်၍ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာရှိ နေအိမ် ၁၇ လုံး မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ညောင်ဝန်းပေါက်ကျေးရွာအုပ်စု သီးချောက်ကျေးရွာနေ ဦးအောင်ခင်ထွန်း (၄၀)နှစ်နှင့် ဖခင်ဖြစ်သူ ဦးမောင်အောင်(၇၂)နှစ်တို့ နှစ်ဦးသည် ရွာကြီးကျေးရွာ၏ အနောက်ဘက် တစ်ဖာလုံခန့်အကွာရှိ ၎င်းတို့ပိုင်ယာခင်းတွင် စိုက်ပျိုးထားသော ပဲများရိတ်သိမ်းနေစဉ် PDF အကြမ်းဖက်သမားလေးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးမောင်အောင်အား သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ခဲ့သဖြင့် ဦးမောင်အောင်မှာ ဖြစ်စဉ်နေရာတွင် သေဆုံးခဲ့ကြောင်း၊ သားဖြစ်သူ ဦးအောင်ခင်ထွန်းမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်းနှင့် အဆိုပါ မီးရှို့၊ ပစ်ခတ်သူ PDF အကြမ်းဖက်သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**







PDF အကြမ်းဖက်သမားများက စည်သာကျေးရွာအုပ်စု ဝွေးချိုကျေးရွာနေ စည်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် လူနေအိမ်များ မီးလောင်နေမှုကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်နေစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၃-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရွှဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုသည်မှာ |
| ၀၉:၃၀ | ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ကောင်းစရာများ 'ပထဝီဝင်ဘာသာရပ်' |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၂၅ | (၇၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေး |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း |
| ၁၆:၃၅ | ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ကောင်းစရာများ 'သမိုင်းဘာသာရပ်' |
| ၁၇:၁၀ | (၇၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေး |
| ၁၇:၂၀ | မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၄) |
| ၁၇:၄၅ | ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆိုနေကြာဆီ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက်' (အပိုင်း-၁၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၁) |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၄၉) |

**mitv**

| | |
|---|---|
| 07:01 | Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi) |
| 07:08 | Products of Myanmar - Seashells Products |
| 07:27 | Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry |
| 07:42 | Handmade Artisan Ye`Linn Oo |
| 08:01 | Talk & Discussion: All about Weight Loss |
| 08:43 | Mahar Thakya Atula Man Aung - Nga Htat Kyee |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Japan Pavilion at Expo 2020 Dubai |
| 09:36 | Myanmar Puppeteers (Chinlone) |
| 09:47 | Natural Lake: Fish Breeding Business |
| 10:01 | Products of Myanmar - Products Of The Loom |
| 10:09 | Tahbuhla Dam & Oakkan Chaungtha |

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်အငေါ်အငေါ်စာအုပ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရှိန်းဆန်တဲ့အလှ ငေါ်ရန်ဂျီ(အပိုင်း-၅)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒုံးရင်းဒေသသို့အလည်လာပါ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်ပယ်၊ ရေးမယ် တို့ချင်းစာ(အပိုင်း-၄၇)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာဆေးအိုး ဆေးတံအကြောင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
နော်ဘုဘောဆုတောင်းတောင်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၄)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၄)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ပန်းလုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
မိုးသားတိမ်ထုအောက်ကလှိုင်နန်းပတောင်အလှ

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၁၅ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၁၅ | ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆိုနေကြာဆီ |
| ၁၀:၀၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၁၅ | အသိပညာနှင့်အမှန်တရား |
| ၁၃:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE) |
| ၁၃:၃၅ | တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ကောင်းစရာများ 'သမိုင်းဘာသာရပ်' |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'သူတစ်ပါးအယောင်ဆောင်ခြင်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈) |
| ၁၁:၀၀ | ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၈) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | တောင်သူအကျိုးမြှင့်ဖို့ရာ ရိတ်သိမ်းချိန်လွန်နည်းပညာ |
| ၀၇:၂၀ | သီးထပ်စွမ်းအားဝင်ငွေတိုးသက်တမ်းတိုစပါးမျိုး |
| ၀၇:၅၅ | တောင်သူဘဝ သုတကဏ္ဍ |
| ၀၈:၃၅ | တန်ဖိုးမြင့်သစ်များမပြုန်းတီးရေး လူသုံးနည်းသစ်များသုံးစွဲပေး |
| ၀၇:၅၅ | တောင်သူကြွယ်ဝ ဝင်ငွေရမည့်ဝါ |
| ၀၉:၄၅ | ဆန်းသစ်လုပနေသောကျေးရွာများနှင့် ကလော |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

SCAN ME

Education Channel ကို ဧနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

❖ ကျောဖုံးမှ

အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ပျက်စီးစေရန်နှင့် ခရီးသွားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်ပျက်စီးစေလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ကော့ကရိတ်မြို့နယ် တတန့်ကူးကျေးရွာအနီးရှိ မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်၌ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များကို မတ် ၁၂ ရက် နံနက်ပိုင်းတွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ရပ်တန့်စေပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့သည်။

ဖြစ်စဉ်မှာ မြဝတီဘက်မှ ကော့ကရိတ်ဘက်သို့ ကုန်ပစ္စည်းများတင်ဆောင်၍ မြဝတီ-ကော့ကရိတ်သွား အာရှလမ်းသစ်အတိုင်း မောင်းနှင်လာသော ၁၀ ဘီးယာဉ်တစ်စီးသည် မတ် ၁၂ ရက် နံနက် ၇ နာရီ မိနစ် ၄၀ တွင် တတန့်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာသို့အရောက်၌ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပါဝင်သော အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်ရပ်တန့်စေပြီး ယာဉ်မောင်းကို ယာဉ်ပေါ်မှဆင်းခိုင်းကာ မော်တော်ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ ယင်းနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင်လည်း မြဝတီမှရန်ကုန်သို့ ပြေးဆွဲနေသည့် ရွှေစင်စကြာခရီးသည်တင် မော်တော်ယာဉ်နှင့် ၂၂ ဘီးယာဉ် တစ်စီးတို့ကို KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပါဝင်သော အင်အား ၁၅ ဦးခန့်က တတန့်ကူးကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀ ခန့်အကွာ၌လည်းကောင်း၊ ဖာပွန်ကမမောင်းလမ်းကြောင်းတစ်လျှောက် လုံခြုံရေးဆောင်ရွက်ရန် ထွက်ခွာလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တတန့်ကူးကျေးရွာအနီးရှိ မြဝတီ-ကော့ကရိတ်သွား အာရှလမ်းသစ်၌လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကာ ခရီးသည်တင်ယာဉ်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင်လည်း KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ် (၅/၉၁)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားတိုင်ပဲ့ထွက်ပျက်စီးခဲ့ကြောင်းနှင့် မော်တော်ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်ပြီး ကုန်တင်ယာဉ်နှင့် အခြားယာဉ်ကြီးများ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရှိရသဖြင့် အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုနှစ်လဆန်းပိုင်းတွင်လည်း မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်၌ သွားလာနေသည့် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ရာ ယခုနှစ် ဇန်နဝါရီ ၈ ရက်တွင် သင်္ကန်းညီနောင်-ကော့ကရိတ်သွား ကားလမ်းအတိုင်း မောင်းနှင်လာသော လုပ်ငန်းသုံးဂက်(စ်)များ သယ်ဆောင်လာသည့် မော်တော်ယာဉ်အား KKO (ခွဲထွက်)အဖွဲ့က ၄၀ မမ ဖုံးသီးများဖြင့် နှောင့်ယှက်



KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် တံတားအမှတ် (၅/၉၁) ပျက်စီးခဲ့မှုအား တွေ့မြင်ရစဉ်။

ပစ်ခတ်ခဲ့ရာ ယာဉ်ဦးခေါင်းပိုင်း ဖုံးသီးထိမှန်မီးလောင်ကျွမ်းခဲ့ရသည်။

အလားတူ မြဝတီမြို့မှ မန္တလေးမြို့သို့ ပို့ဆောင်ရန် Argon Gas အရည်များ တင်ဆောင်ထွက်ခွာလာသည့် ဦးထွန်းမင်းဦး(ဘ) ဦးကိုမြင့် မောင်းနှင်ပြီး ရဲထူးအောင်(ဘ)ဦးဝင်းထူး လိုက်ပါလာသော မော်တော်ယာဉ်သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့နယ် တတန့်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာသို့ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ မော်တော်ယာဉ် လေကာမှန်နှင့်ကားဘီးများ လက်နက်ငယ်ကျည်ထိမှန်ပျက်စီးခဲ့ရသည်။

အလားတူ ဇန်နဝါရီ ၂၇ ရက် ည ၉ နာရီခန့်တွင် မြဝတီမှ ရန်ကုန်သို့ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ သယ်ဆောင်လာသည့် ဦးဇော်ဇော်ဦး(ဘ) ဦးသန်းအောင်မောင်းနှင်ပြီး ဇနီး ဒေါ်ရှမ်းမ(ဘ) ဦးလှမြင့် လိုက်ပါစီးနင်းလာသော မော်တော်ယာဉ်သည် ကော့ကရိတ်မြို့နယ် ချောင်းတောင်ရွာ၏ အရှေ့တောင်ဘက် မီတာ ၈၀၀ ခန့်အကွာသို့ရောက်ရှိစဉ် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယာဉ်အားရပ်တန့်စေပြီး မော်တော်ယာဉ်အား ဓာတ်ဆီလောင်း၍ မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးအဆောက်အအုံများနှင့် အများပြည်သူနေအိမ်များအပြင် အများပြည်သူသွားလာနေသည့် လမ်းမကြီးများနှင့် ခရီးသွားပြည်သူများအား ပစ်မှတ်ထားပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူမှုစီးပွားကို ထိခိုက်ပျက်စီးစေပြီး ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့်အကြမ်းဖက်လုပ်ရပ်များကို တစ်ဖက်သတ်အစွန်းရောက် ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ကော့ကရိတ်မြို့နယ် တတန့်ကူးကျေးရွာအနီး၌ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးခဲ့မှုအား တွေ့မြင်ရစဉ်။

## ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၅၂ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၄

ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၅၂ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရန်ကုန်-မော်လမြိုင် သွားကားလမ်း မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ပဲခူးမှ မော်လမြိုင်သို့ ဘိုဘို(၃၇)နှစ် မောင်းနှင်လာသည့် ခြောက်ဘီး ကွန်တိန်နာဘောက်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၅၂ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သော အိုက်စ် (မက်သ်အဖက်တမင်း) ၉၉၇ ကီလိုနှင့် ကတ်တမင်း ၇၉၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်(မြန်မာ-ထိုင်းနယ်စပ်)သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဘိုဘိုအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၃ ရက် ည ၁၁ နာရီတွင် မောင်တောမြို့နယ် ဘာဆူဘာကျေးရွာအနီးတွင် အာယုပ်ခါန် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စုစုပေါင်း ငွေကျပ် ၁၃၁၆ ဒသမ ၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၅ နာရီခွဲတွင် ပင်လောင်းမြို့နယ် နောင်ပီကျေးရွာအုပ်စု ကျောက်တန်းကျေးရွာအနီး ပင်လောင်း-မှော်ဘီ သွားကားလမ်းတွင် ကျော်ရွှေ မောင်းနှင်ပြီး မောင်လိန်လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၉၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူဆယ်မြို့ ကောင်းမူးတုံ ရပ်ကွက် မြို့ရှောင်လမ်းတွင် ရန်ရှောဟုန်(ခ) အားရန် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခဌာနမှူး သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်း သင်ခန်းစာများမှ သိကောင်းစရာတွေကိုတင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကိုကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။ ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့အမျိုးသားစိတ်ဓာတ် မကြာမီ ပြန်လည်နိုးကြားလာတဲ့ အပိုင်းကိုလေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားဖြင့်လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိဖို့လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်၊ သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကိုဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မည့် အသင်းကြီးတစ်သင်း ထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံအမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့ အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းမှာ တို့ဗမာအစည်းအရုံးရဲ့ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကိုလက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈-၁၉၃၉ ကာလဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်-ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန်ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀-၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကိုတော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အားတော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြား လေ့လာလို့ရတယ်။ ဥပမာ-ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅) ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကိုလေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင်မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေး အရယူခြင်းခေါင်းစဉ်ရဲ့အောက်မှာ စက္ကုပြုပြုစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ကန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်း-အက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု-အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီအုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်းအုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာနအုပ်ချုပ်ရေး ပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်းအုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့၊ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့ အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကိုလေ့လာရာမှာ ၁၉၄၈-၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်း ဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန်ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရ ပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂ အထိကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂-၁၉၇၄ အထိကာလကို တော်လှန်ရေးကောင်စီ အစိုးရကတာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄-၁၉၈၈ အထိကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒ့ါအပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။ ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင်စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ် ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီအင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါ အချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှားနိုင်ငံ အခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာ တော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒ့ါအပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေး ဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်းစစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရာဂျ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှအမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက်သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေ့ရဲ့အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေးမယ့် မအောင်မြင်ခဲ့တဲ့ အခြေအနေကို တွေ့ရတယ်။ ဒါကြောင့် နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်ရဲ့

စာမျက်နှာ ၁၇ သို့ ○

❍ စာမျက်နှာ ၁၆ မှ

အကြမ်းတမ်းဆုံးနဲ့အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ်ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရတဲ့အကြောင်းရင်းတွေကိုလေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့လိုတယ်။ စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကိုသိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကိုသိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကိုတစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါ ကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများလွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှအကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့စစ်အေးဟာလည်း ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့အုပ်စုကို အနောက်အုပ်စု(သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ စတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု (သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက်တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကို တွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ အမေရိကန်နဲ့ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ –

၁. မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂. အန်ဇတ် (ANZUS)
၃. အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄. ဗဟိုစာချုပ်အဖွဲ့ (CENTO)

များ ဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ်အခြေခံသော စီးပွားရေးစီမံကိန်းများချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော(Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင်တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁. ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂. ကိုရီးယားစစ်
၃. စူးအက်အရေးအခင်း
၄. ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံအပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေးကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။ အရှေ့တောင်အာရှသမိုင်းကို လေ့လာရာမှာ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း(က)၊ အပိုင်း(ခ)၊ အပိုင်း(ဂ)၊ အပိုင်း(ဃ)ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်း လေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်းအပိုင်း(က)မှာ နံပါတ် ၁။ (က)၊ ၁။ (ခ) ဆိုပြီးပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၅)ပုဒ် စုစုပေါင်း (၁၀)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁) မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(က)၏ နံပါတ် ၁။ (ခ) မေးခွန်းမှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင်ရေးပါ ဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ မြန်မာ့သမိုင်းမှ (၅)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ(၅)ပုဒ် စုစုပေါင်း (၁၀)ပုဒ် ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်ဟာ (၁)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၁၀)မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (က)တစ်ခုလုံးဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်တဲ့အတွက် ယခုပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားတဲ့ သင်ရိုးတစ်ခုလုံးကို လွှမ်းခြုံအောင်မေးထားတာဖြစ်တယ်။ ကျောင်းသူ ကျောင်းသားများရဲ့ ဘာသာရပ်ပိုင်နိုင်မှုကိုဆန်းစစ်ထားတဲ့ မေးခွန်းများဖြစ်တယ်။

မေးခွန်း အပိုင်း(ခ)မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတို (၄)ပုဒ်နဲ့ ကမ္ဘာ့သမိုင်းမှတ်စုတို (၄)ပုဒ်တို့ ပါရှိမှာဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို (၄)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ (၅)မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ (၂၀)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(ဂ)မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်း (၄)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅)မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀)မှတ် ဖြစ်တယ်။

မေးခွန်း အပိုင်း(ဃ)မှာ ကမ္ဘာ့သမိုင်းမေးခွန်းများဖြစ်ပြီး စုစုပေါင်း (၄)ပုဒ် ပါရှိမှာဖြစ်တယ်။ ယင်း (၄)ပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ (၁၅)မှတ်ဖြစ်ပြီး (၂)ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ (၃၀)မှတ် ဖြစ်တယ်။ မေးခွန်းအပိုင်း(ဂ)နဲ့ အပိုင်း(ဃ)ဟာ သမိုင်းကြောင်းအချက်အလက်များ၊ သမိုင်းစဉ်ဆက်စပ်မှုများကို မေးထားတဲ့မေးခွန်းများဖြစ်တယ်။

ကျောင်းသူကျောင်းသားများကို မှာချင်တာကတော့

၁။ ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာအချက်အလက်များနဲ့ သမိုင်းစဉ်ဆက်စပ်မှုကို အထူးသတိထားပြီးလေ့လာရန်

၂။ ယခု ပညာသင်နှစ်အတွက်ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာများကို ကောင်းစွာလေ့လာထားရန်

၃။ မေးခွန်းကိုသေသေချာချာဖတ်ပြီး မေးခွန်းနဲ့သက်ဆိုင်ရာကိုသာ ရေးဖြေရန်လိုကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

## ကွန်ကရစ်တံတားတစ်စင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**လောက်ကိုင် မတ် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်း မိုင်းကိုင်မြို့နှင့် လုတ်တောင်းကျေးရွာအုပ်စုတို့အကြား ဆက်သွယ်ထားသည့် လမ်းပေါ်တွင် ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်းနှင့် ကျေးသီးမြို့နယ် ဝမ်ဖီးကျေးရွာအုပ်စု ဝမ်ဖီး-ဖာလော့-ပန်ဆယ် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၁/၀ မိုင်ခင်းခြင်း လုပ်ငန်းများကို နယ်စပ်ရေးရာ ဝန်ကြီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၇၈ ဒသမ ၃၈၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်ထံမှ သိရသည်။

ငွေကြယ်






# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၈၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၆ ဒသမ ၁၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၃၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၈၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၆.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၃၉၈,၈၁၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၀၆,၂၂၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၂၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၅၈,၇၃၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၁၁) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆအထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆအထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆအထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့်သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။**
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့် အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသားကျောင်းသူများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၄-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၄၅) ခု | (၃၇၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၄၃) ခု | (၁၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၁) ခု | (၁၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၅၅) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၈၁) ခု | (၁၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၀၈၀) ခု | (၃၄၀) ဦး |
| စုစုပေါင်း | (၁၄,၃၀၁) ခု | (၈၈၀) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၁၇၄၆၇၇ | ၅၆၀၇၁၁၀၃ | ၉၉၃၈၁၁ |
| ၂။ | အိန္ဒိယ | ၄၂၉၉၃၄၉၄ | ၄၂၄၄၁၄၄၉ | ၅၁၅၉၀၇ |
| ၃။ | ဘရာဇီး | ၂၉၃၆၈၇၇၆ | ၂၇၇၄၂၃၂၄ | ၆၅၅၁၃၉ |
| ၄။ | ပြင်သစ် | ၂၃၅၁၄၁၄၄ | ၂၂၂၆၁၂၉၇ | ၁၄၀၁၀၉ |
| ၅။ | ဗြိတိန် | ၁၉၅၃၀၄၈၅ | ၁၈၂၂၉၃၁၇ | ၁၆၂၇၃၈ |
| ၆။ | ရုရှား | ၁၇၃၇၆၂၄၁ | ၁၅၅၈၅၆၅၀ | ၃၆၁၃၄၄ |
| ၇။ | ဂျာမနီ | ၁၇၂၄၀၄၇၉ | ၁၃၅၀၁၄၀၀ | ၁၂၆၁၀၉ |
| ၈။ | တူရကီ | ၁၄၅၅၁၆၆၅ | ၁၄၁၄၄၀၈၀ | ၉၆၄၈၇ |
| ၉။ | အီတလီ | ၁၃၃၇၃၂၀၇ | ၁၂၂၁၆၈၃၅ | ၁၅၆၈၆၈ |
| ၁၀။ | ဂျပန် | ၁၁၂၂၃၉၇၄ | ၁၀၂၉၉၃၉၄ | ၁၀၁၁၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၆၁၁၂၆၄၈ | ၃၁၆၃၅၇၁ | ၄၁၃၈၅ |
| ၂။ | အင်ဒိုနီးရှား | ၅၉၀၀၁၂၄ | ၅၄၃၄၇၂၉ | ၁၅၂၄၃၇ |
| ၃။ | မလေးရှား | ၃၈၂၃၅၇၁ | ၃၄၆၈၈၈၈ | ၃၃၈၀၇ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၁၂၉၃ | ၃၅၆၇၄၁၂ | ၅၇၆၂၅ |
| ၅။ | ထိုင်း | ၃၂၀၆၉၅၅ | ၂၉၅၇၂၈၈ | ၂၃၇၈၁ |
| ၆။ | စင်ကာပူ | ၉၃၉၄၃၆ | ၈၉၂၂၂၂ | ၁၁၄၅ |
| ၇။ | မြန်မာ | ၆၀၆၂၂၇ | ၅၅၈၇၃၆ | ၁၉၄၁၁ |
| ၈။ | လာအို | ၁၄၆၆၈၇ | ၁၄၄၈၁၃ | ၆၄၁ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၄၂၁၃ | ၁၂၉၂၉၂ | ၃၀၄၇ |
| ၁၀။ | ဘရူနိုင်း | ၁၁၄၃၇၁ | ၈၃၇၆၁ | ၁၇၀ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၆ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce. gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်


## ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေး

နေပြည်တော် မတ် ၁၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၂၇ မျိုး စုစုပေါင်း ၈၇၈၅၆ ဒသမ ဝ၉ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီ နှစ်ခုမှ Oxygen Clinder အခု ၂၀၀၊ Flow Meter (Oxygen Regulator) အခု ၂၀၀၊ Oxygen Plant တစ်ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

အငြိမ့်မှာ "နန်းကိန္နရီ" အငြိမ့်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အစသော် အငြိမ့်ကို များစွာဂရုထားမိသည် မဟုတ်ချေ။ ကြည့်လေ့ကြည့်ထလည်း မရှိခဲ့ပေ။ သူမနှစ်ခြိုက်သည်မှာ ရုပ်ရှင်သာ ဖြစ်ပေသည်။

နေဝင်မိုးချုပ်၍ အကျွေးအမွေးဖြင့် ညှော့ခံပြီးစီးချိန်မှာ နန်းကိန္နရီ၏အငြိမ့်အဖွဲ့ ထွက်သည်။ ခေါင်းဆောင်မင်းသမီးလုပ်သူသည် အငြိမ့်ထွက်ခါနီးမှ ရောက်လာသည်။ ရှေ့မှလက်ထောက်မင်းသမီးများ တစ်လက်ပြီးတစ်လက် ထွက်ခဲ့သည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး အမှုမထား၊ တစ်ခါတစ်ရံမှသာ စောင်းငဲ့ကြည့်တတ်သည်။

နန်းကိန္နရီသည်မထွက်မီကတည်းက သတင်းကြီးနေသည်။ ယင်းအငြိမ့်ကို ကြည့်ဖူးသူအများအပြားက ခေါင်းဆောင်မင်းသမီး နန်းကိန္နရီ၏အလှကိုသော်လည်းကောင်း၊ အသံကိုသော်လည်းကောင်း၊ အကကိုသော်လည်းကောင်း ချီးမွမ်းကြသည်။

အချို့ဆိုလျှင် အကျွေးအမွေးပြီးကတည်းက ပြန်ကြဖို့ဖြစ်သည်။ နန်းကိန္နရီ အငြိမ့်ဆိုသောကြောင့် မပြန်ဖြစ်သူအများအပြားရှိသည်။

နန်းကိန္နရီသည် ကိန္နရီက ကောင်းလှသည်ဟု ကျော်ဇောသည်။ ယင်းအကဖြင့်ပင် "နန်းကိန္နရီ" အငြိမ့်အဖွဲ့ဟု ထင်ရှားလာခြင်းဖြစ်သည်။ နေ့ချင်းညချင်းဆိုသလို ခေါင်းဆောင်မင်းသမီးအရာကို ရခဲ့သည်ဟုဆိုသည်။

သည်တော့လည်း ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီအပေါ် စိတ်ဝင်စားလာရသည်။ အငြိမ့်ကြည့်ရန် စိတ်ပါလာသည်။

နန်းကိန္နရီမှာ အသံကောင်းကြီး မဟုတ်။ ပြည်သည် ဝေစည်သည် မှန်သော်လည်း များစွာစည်းစည်းလုံးလုံး မရှိဟု ထင်သည်။ အသံမှာ ခပ်ဝါဝါ၊ ခပ်ပွပွပင်။ သို့ပေမဲ့ အဆိုတတ်သည်။ အသံနိုင်သည်။ စည်းဝါးပိုင်သည်။

နန်းကိန္နရီ၏ရုပ်သွင်ကား အရုပ်ကလေးတစ်ရုပ်နှယ် လှပလွန်းပေသည်။ နွဲ့နွဲ့ယဉ်ယဉ်ကလေးဖြစ်သည်။ နှာတံချွန်ချွန်။ နှုတ်ခမ်းပြည့်ပြည့်ကလေးများမှာ တမင် လက်နှင့်ရေးခြယ်ထားသည့်သဖွယ် ဖြစ်သည်။

နန်းကိန္နရီ၏အကသည် ကခုန်ခြင်းနှင့် ပတ်သက်၍ ဗဟုသုတများစွာမရှိသော ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စိတ်နှလုံးကိုပင် များစွာ ယူကျုံးဆွဲဆောင်နိုင်စွမ်းရှိသည်။ ကကြိုးပိုင်၍ ကကွက်မြိုင်ဆိုင်သည်သာ မဟုတ်သေး၊ တကယ့်ကိန္နရီကလေး ပျံတက်တော့မည့်အသွင်ကိုပင် ဆောင်ယူနိုင်စွမ်းရှိသည်ဟု ထင်ရသည်။

နန်းကိန္နရီသည် ကိန္နရီအကကို ကရာ၌ လက်မှာ အတောင်ပံမတပ်၊ အမြီးအမောက် စသည့် အချွန်အတက်များလည်းမပါ။ ပဝါတစ်ပိုင်း ထဘီအမြိတ်တစ်စနှင့်ပင် ပေါ်လွင်အောင် ကနိုင်စွမ်းရှိကြောင်း တွေ့ရသည်။ ငှက်ကြည့်ဟုခေါ်သော လည်တိုင်ကို ကြော့ကြော့ကလေးထား၍ ကြည့်ရသည့်အကြည့်မှာ ဟန်ပါလှသည်။

"အင်း၊ ဒါကြောင့် နန်းကိန္နရီရယ်လို့ နာမည်ကြီးတာပေပဲ"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အပါးမှ မိန်းမကြီးတစ်ယောက်၏ မှတ်ချက်ချသံကို ကြားရသည်။ ဘယ်သူ့တပည့်ပါလိမ့်။ သည်အကတွေကို ဘယ်မှာများ သင်ပါလိမ့်။ သဘင်မျိုးရိုးလေလား စဉ်းစားဆဲ လူပြက်များ၏စကားကြောင့် ပင်ကိုဗီဇဖြစ်ကြောင်း သိရသည်။ သည်တော့လည်း ပို၍ အံ့သြချီးမွမ်းရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ပွဲခင်းကို ရုတ်တရက်မစွန့်ခွာနိုင်ဘဲ ဆက်လက်ကြည့်နေမိသည်။

နန်းကိန္နရီ ဇာတ်စင်အစွန်းသို့ လျှောက်လာသည်။ လူပြက်ကိုငှက်ရိုးအနီးတွင် မခို့တရို့ကလေးရပ်လာသည်။

"ဒီဘက်က ဦးလေး ကိုငှက်ရိုးထင်ပါ့ရှင်"

ကန္တဲ့ကလျ မေးသည်။

"ဟုတ်ပါ့ နန်းကိန္နရီ"

"ဩော်၊ ဦးလေးကိုသော်တာလည်း ပါသကိုး"

"မှန်ပါ့ နန်းကိန္နရီ"

နန်းကိန္နရီသည် ထဘီအမြိတ်စကို သာသာခတ်ရင်း ဇာတ်စင်အလယ်ရှိ မိုက်ကရိုဖုန်းအနီးသို့ လျှောက်လာသည်။

"ဒီနေ့လို မင်္ဂလာအပေါင်း ခညောင်းတဲ့ နေ့ထူးနေ့မြတ်ကြီးမှာ နန်းကိန္နရီအနေနဲ့ မိမိတတ်တဲ့ အတတ်ပညာနဲ့ ကြွရောက်ကြည့်ရှုကြတဲ့ မင်းပရိသတ်အပေါင်းကို အပျင်းတော်ပြေစေဖို့ နှုတ်ခွန်းဆက်သကပြခွင့်ရတာ များစွာမှ ပျော်ရွှင်ဝမ်းမြောက်လှပါတယ်လို့"

"ဒါပေါ့ ကလေးရေ၊ တတ်တဲ့ပညာ မနေသာဆိုသလိုပေါ့ "

"ဒါထက် ဦးလေးကိုငှက်ရိုးရေ"

"ဗျာရေ"

"ဦးလေးကိုသော်တာ"

"ဟုတ်ကဲ့"

"ဒီကနေ့ဟာ ကျွန်မတို့အစ်မကြီး ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ အနှစ်လေးဆယ်မြောက် မွေးနေ့မင်္ဂလာအခါတော် နေ့ထူးနေ့မြတ်ကြီး မဟုတ်ပါလားရှင်"

"ဟုတ်ပါ့ နန်းကိန္နရီ"

"ကျွန်မတို့အစ်မကြီး ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ အနှစ်လေးဆယ်မြောက် မွေးနေ့မှာ နန်းကိန္နရီဟာ အကနဲ့ ပျော်တော်ဆက်ခွင့်ကြုံတဲ့အတွက် အထူးပဲ ဝမ်းမြောက်ကြောင်း ပြောပါရစေရှင်"

"ဟုတ်ပါ့"

"တစ်ဆက်တည်းမှာပဲ၊ ကျွန်မတို့ အစ်မကြီး ဒေါ်ရေနံ့သာခင်ခင်ကြီးဟာ အဆင်းလှခြင်း၊ အနာကင်းခြင်းနဲ့ ပြည့်စုံပြီး အသက်တစ်ရာ့နှစ်ဆယ်ကျော် ရှည်စေသတည်းလို့ ဆုတောင်းသမှုလည်း ပြုရပါတယ် ဦးလေးတို့ရှင့်"

"လိမ္မာလိုက်လေ ကလေးရယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီ၏မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ နန်းကိန္နရီ၏စကားများကို စူးစိုက်နားထောင်နေမိသည်။ ယင်းမိန်းကလေး၏ သွင်ပြင်မူရာကိုလည်း အမှတ်ထင်ထင် အကဲခတ်နေမိချေသည်။

စင်စစ် နန်းကိန္နရီသည် သူမတို့သဘင်သည်သဘာဝ ဆုတောင်းခြင်း၊ နှုတ်ခွန်းဆက်ခြင်းအမှုကို ပြုနေသည်မှန်သော်လည်း နန်းကိန္နရီ၏အသံနှင့် သွင်ပြင်မူရာမှာ ဟန်လုပ်နေပုံမရ သရုပ်ဆောင်နေပုံမပေါ်။ တကယ်တမ်း လှိုက်လှိုက်လှဲလှဲ ပြောဆိုနေသည့်ပုံ ပေါ်လွင်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးတွင် အတွေးအထင်တစ်ခု ရှိခဲ့သည်။ အငြိမ့်မင်းသမီးဆိုလျှင် ကြာမူပါတတ်သည်ဟူသော အတွေးအထင် ဖြစ်သည်။ ပရိသတ်ကို ညုရမည်။ လူပြက်တွေနှင့် ဟေးလားဝါးလား လုပ်ရသည်ဆိုသလား မသိ။

နန်းကိန္နရီတွင် ကြာမူမပါ။ အပြောအဆို ယဉ်ကျေးသွယ်ပျောင်းသည်။ လူပြက်များကိုလည်း လေးစားဟန်ပြသည်။ ဖိုးခနဲ ဖတ်ခနဲ ရိုက်နှက်ခြင်းမျိုး မပါဝင်။

"ဩော်၊ ဦးလေးတို့ရေ"

"ဗျာရေ။ ကလေးမ"

"စကားစပ်လို့ပြောရဦးမယ် ဦးလေးရဲ့"

"ဆိုစမ်း"

"အစ်မကြီးရဲ့အမည်က ဒေါ်ရေနံ့သာခင်ခင်ကြီးဆိုတော့ ကျွန်မရဲ့စိတ်ထဲမှာ တစ်မျိုးခံစားလာရတယ် ဦးလေးတို့ရဲ့"

"ဘယ်လိုများပါလိမ့်"

"ရေနံ့သာဆိုတော့ အစ်မကြီးဟာ ရေနံချောင်း မြို့သူများလေလားလို့ တွက်စစ်မိတယ် ဦးလေးရဲ့"

"ကလေးရဲ့စကားက စိတ်ဝင်စားစရာ ပါလားကွယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီး ခေါင်းထောင်လာသည်။ ဘာများပြောမလိုပါလိမ့်။ သည်ကလေးမ ဘာကိုဆိုချင်ပါလိမ့် စသည်ဖြင့် တွေးလာမိသည်။

စင်စစ် သည်စကားကို နန်းကိန္နရီသည် အကြောင်းမဲ့ ဆိုဟန်မတူ။ စောစောကထက် ပိုမိုတည်ငြိမ်သောမျက်နှာထားအရ သည်စကားမှာ ဇာတ်တိုက်စဉ်က သင်ထားသောစကားမျိုးလည်း ဟုတ်ပုံမရ။

"ဒီလိုပါရှင်။ အရင်းစစ်တော့ အမြစ်မြေကဆိုတာလို ကျွန်မရဲ့ဇာတိကို ဆန်းစစ်ကြည့်ခဲ့မယ် ဆိုရင်လည်း ကျွန်မဟာ ရေနံချောင်းသူစစ်စစ် ဖြစ်ခဲ့တာလား ဦးလေးတို့ရဲ့"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရင်မှာ လှုပ်ရှားလာသည်။ နန်းကိန္နရီ၏ စကားကို ပိုမိုစိတ်ဝင်စားလာဟန်ဖြင့် နားစွင့်သည်။

ယင်းစကားမှာ လူပြက်များအဖို့လည်း ပထမဆုံးကြားရသော စကားဖြစ်ပုံရသည်။ ၎င်းတို့ကိုယ်တိုင်ပင် ဇာတ်ဟန်ပျောက်ကာ တကယ်တမ်း စိတ်ဝင်စားရဟန်ပြသည်။

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီးရှိရာဘက်သို့ မျက်စိတစ်ချက်ဝေ့ကြည့်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်မှာ ပူနွေးလာရသည်။

"ဟုတ်ပါတယ်ရှင်။ ကျွန်မဟာ ရေနံချောင်းဇာတိပါ။ ရေနံ့သာသူလို့ မခေါ်ထိုက်ဘူးလားရှင်"

"ခေါ်ထိုက်သပေါ့"

"ဘဝအကျိုးပေးချင်း၊ ပညာချင်း၊ ရုပ်ရည်ချင်း၊ အရည်အချင်းချင်း လိုက်မမီအောင် ကွာခြားကြပေမဲ့ ဇာတိချင်းကတော့ အတူတူမို့ အခုလို ကျွန်မတို့အစ်မကြီး ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ မွေးနေ့ပွဲသဘင် ဆင်ယင်ကျင်းပတဲ့နေရာမှာ ဖြေဖျော်ခွင့်ရတာကို ကျွန်မဂုဏ်ယူလို့ မဆုံးပါဘူးလို့ ပြောချင်ပါတယ် ဦးလေးတို့ရှင့်"

"ဇာတိ၊ ပုညာ၊ ဂုဏ်မာနချင်းမတူပေမဲ့ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြတာချင်း အတူတူမို့၊ အခုပွဲမှာ အခါတိုင်းပွဲသဘင်တွေထက် ပိုပြီး အလေးအနက် ဖြေဖျော်မယ်ဆိုတဲ့ သဘောပေါ့။ ဒီလိုမဟုတ်လား ကလေးရယ်"

"မှန်ပါတယ်ရှင်။ ကိုင်း အပြောနဲ့မပြီးသေးဘူး။ အလုပ်နဲ့လည်း လက်တွေ့ပြဦးမှဖြစ်မယ် ဦးလေးတို့ရဲ့ နန်းကိန္နရီရဲ့ အကနဲ့ သဘာဝကလေးတွေကို ကြည့်မယ်မဟုတ်လား ဦးလေး"

"ကြည့်ချင်ကြပါပြီလို့"

**ဆက်လက်ဖော်ပြပါမည်။**

**"ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီ၏မျက်နှာကို စူးစိုက်ကြည့်နေမိသည်။**

**နန်းကိန္နရီ၏စကားများကို စူးစိုက်နားထောင်နေမိသည်။**

**ယင်းမိန်းကလေး၏ သွင်ပြင်မူရာကိုလည်း အမှတ်ထင်ထင် အကဲခတ်နေမိချေသည်။**

**စင်စစ် နန်းကိန္နရီသည် သူမတို့သဘင်သည်သဘာဝ ဆုတောင်းခြင်း၊ နှုတ်ခွန်းဆက်ခြင်းအမှုကို**

**ပြုနေသည်မှန်သော်လည်း နန်းကိန္နရီ၏အသံနှင့် သွင်ပြင်မူရာမှာ ဟန်လုပ်နေပုံမရ**

**သရုပ်ဆောင်နေပုံမပေါ်။ တကယ်တမ်း လှိုက်လှိုက်လှဲလှဲ ပြောဆိုနေသည့်ပုံ ပေါ်လွင်သည်။**

**ဒေါ်ရေနံ့သာခင်ခင်ကြီးတွင် အတွေးအထင်တစ်ခုရှိ . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

နန္ဒာသိန်းဇံ

(ယခင်အပတ်မှအဆက်)

"မှန်ပါတယ် အရှင်ဂေါတမ...ဒါကိုသာ ရည်ရွယ်ပြီး ရဟန်းဂေါတမဟာဖြင့် အညွန့်တုံးသူဖြစ်တယ်လို့ ကျွန်ုပ်ပြောခြင်းဖြစ်ပါတယ်၊ ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ ကျွန်ုပ်တို့ကျမ်းဂန်မှာ အရှင်ဂေါတမဆိုခဲ့သလို မျက်စိ၊ နား အစရှိသည်တို့ကို ဆုံးမထားသူ၊ စောင့်ရှောက်ထားသူ၊ ပိတ်ဆို့ထားသူကို လောကတိုးတက်ရေးဆိုလို့ ဘာမျှမရှိသူ၊ အညွန့်တုံးသူရယ်လို့ ဆိုထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်"

"မာဂဏ္ဍိယ... ပုဂ္ဂိုလ်တစ်ဦးဟာ တပ်မက်ဖွယ်၊ ချစ်ခင်နှစ်သက်ဖွယ်ရှိတဲ့ အဆင်းရူပါရုံတွေ၊ ကာမဂုဏ်စိတ်တွေ၊ ယိုဖိတ်စေနိုင်တဲ့အဆင်း အာရုံတွေနဲ့ မွေ့လျော်ပျော်ပါး ခံစားဖူးတယ်။ အဲဒီပုဂ္ဂိုလ်ဟာ နောင်အခါမှာ အဆင်းရူပါရုံတို့ရဲ့အပြစ်ကို မြင်လာတယ်။ မြင်လာတော့ အဲဒီအဆင်းရူပါရုံတို့ရဲ့ အပြစ်၊ အနှောင်အဖွဲ့တို့မှ လွတ်မြောက်ရာကို ရှာတယ်။ ထိုနည်းတူ တပ်မက်နှစ်သက်ဖွယ်အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ စိတ်ကူးတို့ရဲ့အပြစ်ကိုလည်း မြင်လာတယ်။ တပ်မက်နှစ်သက်ဖွယ် အသံ၊ အနံ့၊ အရသာ အစရှိသည်တို့ရဲ့ အပြစ်အနှောင်အဖွဲ့မှ လွတ်မြောက်ရာကိုလည်း ရှာတယ်။ လွတ်မြောက်မှုအမှန်ကို ရတဲ့အခါ အဲဒီပုဂ္ဂိုလ်ဟာ အဆင်း၊ အနံ့ အစရှိသည်တို့ကို တပ်မက်ခြင်း၊ မွတ်သိပ်ခြင်း၊ နှစ်သက်စွဲလမ်းခြင်းတွေ ကင်းသွားတယ်။ အဆင်း၊ အသံ၊ အနံ့ စတဲ့ အာရုံတွေကြောင့် ဖြစ်ပေါ်ရတဲ့ တပ်မက်မှု၊ ပူလောင်မှုတို့လည်း ကင်းသွားတယ်။ တပ်မက်ပူလောင်မှုတွေ ကင်းသွားလို့ အဲဒီပုဂ္ဂိုလ်ရဲ့အတွင်းသန္တာန်မှာ ငြိမ်းအေးတဲ့စိတ် ဖြစ်နေတယ်ဆိုပါစို့ရဲ့။ မာဂဏ္ဍိယ... တပ်မက်ခြင်း တဏှာအလုံးစုံကင်းပြီး ဘာခံစားမှုမှမဖြစ်ဘဲ ငြိမ်းအေးတဲ့စိတ်နဲ့နေနေတဲ့ အဲဒီပုဂ္ဂိုလ်ကိုတော့ ဘယ်လိုပုဂ္ဂိုလ်မျိုးလို့ သင်ဆိုမလဲ"

"ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်တယ်ဆိုတာ အတိအကျ မပြောတတ်ပါ အရှင်ဂေါတမ"

"မာဂဏ္ဍိယ... ငါဟာ လူအဖြစ်နဲ့ နေစဉ်တုန်းက နှစ်သက်တပ်မက်ဖွယ်ရှိတဲ့ အဆင်းအာရုံတွေ၊ ကာမဂုဏ်စိတ် ယိုဖိတ်ဖွယ်အဆင်းရူပါရုံတွေနဲ့ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ခံစားနေခဲ့ဖူးတယ်။ တပ်မက်နှစ်သက်ဖွယ်ရှိတဲ့ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေနဲ့လည်း ပြည့်ပြည့်စုံစုံ ခံစားပြီးနေခဲ့ဖူးတယ်။ ငါ့မှာ... မိုးဥတုအခါစံနေဖို့ ပြာသာဒ်တစ်ဆောင်၊ ဆောင်းဥတုအခါစံနေဖို့ပြာသာဒ်တစ်ဆောင်၊ နွေဥတုအခါစံနေဖို့ပြာသာဒ်တစ်ဆောင် ရှိခဲ့တယ်။ မာဂဏ္ဍိယ..ငါဟာ မိုးဥတုအခါ စံနေရာဖြစ်တဲ့ပြာသာဒ်ပေါ်မှာ မိုးလေးလကာလပတ်လုံး ပြာသာဒ်ပေါ်ကမဆင်းဘဲ ကာမဂုဏ်မှုအမျိုးမျိုးနဲ့ စံစား၊ ခံစားနေခဲ့ဖူးတယ်။ ဒါပေမဲ့ နောင်အခါမှာ.. သာယာတပ်မက်ဖွယ် ကာမဂုဏ်အာရုံတို့ရဲ့အပြစ်ကိုမြင်ပြီး စွန့်ခွာခဲ့တယ်။ အဲဒီနောက် ကာမဂုဏ်အာရုံတို့မှ လွတ်မြောက်ရာကို ဟုတ်တိုင်းမှန်စွာ ငါရရှိခဲ့တယ်။ ဒီလိုရရှိခဲ့လို့ ငါ့မှာကာမဂုဏ်အာရုံတို့ကို တပ်မက်နှစ်သက်ခြင်း၊ ခံစားခြင်းမရှိတော့ဘူး။ ကာမဂုဏ်အာရုံတို့ကြောင့် ဖြစ်ပေါ်တဲ့ပူလောင်မှုလည်း မရှိဘူး။ ကာမဂုဏ်အာရုံတွေကို တောင့်တမှု၊ ဆာလောင်မွတ်သိပ်မှုလည်း မရှိတော့ဘူး။ ငါ့မှာ ငြိမ်းအေးနေတယ်။ ငါ့အတွင်းသန္တာန်မှာ ဘာခံစားမှုမှမဖြစ်ဘဲ ငြိမ်းတဲ့စိတ်ဖြစ်နေတယ်။ မာဂဏ္ဍိယ.... ကာမဂုဏ်အာရုံမှာ တပ်မက်၊ နှစ်သက်ခြင်း မကင်းနိုင်တဲ့အတွက် ကာမဂုဏ်ကြောင့် ပူလောင်ခြင်းဖြစ်ရသူတွေ၊ ကာမဂုဏ်ကို နှစ်သက်ဖွယ်အဖြစ် မှီဝဲကြသူတွေကို ငါမြင်ပါတယ်။ ဒါပေမဲ့ အဲဒီသူတွေလို ကာမဂုဏ်ကို ငါမတောင့်တတော့ဘူး။ မတပ်မက် မသာယာတော့ဘူး။ မမွေ့လျော် မမှီဝဲတော့ဘူး။ မခံစားတော့ဘူး။ မာဂဏ္ဍိယ... ဘာကြောင့်လဲဆိုတော့ အဲဒီကာမဂုဏ်တွေထက် သာလွန်တဲ့၊ ကျော်လွန်တဲ့ချမ်းသာခြင်းမျိုးကို ငါရနေလို့ပဲ။ မာဂဏ္ဍိယ... သင့်ကို ဥပမာတစ်ခုနဲ့ ငါပြောမယ်.....။ ပစ္စည်းဥစ္စာကြွယ်ဝတဲ့ သူကြွယ်တစ်ဦးဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အစရှိတဲ့ ကာမဂုဏ်ငါးပါးတို့နဲ့ ပြည့်ပြည့်စုံစုံ ခံစားပျော်ပါးဖူးတယ်။ အဲဒီသူကြွယ်ဟာ ဒုစရိုက်မှုတွေကို ရှောင်ပြီး သုစရိုက်မှုတွေကို ပြုကျင့်တယ်ဆိုပါစို့။ ဒီလိုပြုကျင့်ပြီး သေလွန်တဲ့အခါ တာဝတိံသာနတ်လောကကို ရောက်တယ်ဆိုပါစို့။ တာဝတိံသာနတ်လောကမှာ ဆိုခဲ့တဲ့သူကြွယ်ဟာ နတ်သမီးအပေါင်းခြံရံပြီး ကာမဂုဏ်ငါးပါးနဲ့ ပြည့်ပြည့်စုံစုံ ခံစားနေရတယ်ဆိုပါစို့။ နတ်တို့ရဲ့ ကာမဂုဏ်တွေကို ခံစားနေရတဲ့ သူကြွယ်နတ်သားဟာ လူ့လောက,က ကာမဂုဏ်တွေကို တောင့်တပါဦးမလား။ လူ့လောကမှာရှိတဲ့ ကာမဂုဏ်တွေနဲ့ ပြန်ပြီးနေလိုပါဦးမလား မာဂဏ္ဍိယ"

"နေတော့မှာ မဟုတ်ပါ အရှင်ဂေါတမ"

"ဘာကြောင့်လဲ မာဂဏ္ဍိယ"

"လူ့ကာမဂုဏ်တွေထက် နတ်ကာမဂုဏ်တွေက သာလွန်နေတဲ့အတွက်ကြောင့်ဖြစ်ပါတယ် အရှင်ဂေါတမ"

"မာဂဏ္ဍိယ... ဒီဥပမာအတိုင်းပဲ။ ငါဟာလည်း လူအဖြစ်နဲ့နေခဲ့စဉ်တုန်းက ချစ်ခင်ဖွယ်၊ နှစ်သက်ဖွယ်၊ တပ်မက်ဖွယ်အဆင်း၊ အသံ အစရှိတဲ့ ကာမဂုဏ်ငါးပါးနဲ့ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မွေ့လျော်ပျော်ပါးခံစားခဲ့ဖူးပါတယ်။ နောင်အခါမှာ ကာမဂုဏ်တို့ရဲ့အပြစ်ကိုမြင်ပြီး ကာမဂုဏ် အပူလောင်အနှောင်အဖွဲ့တို့က လွတ်မြောက်ရာကို ရှာခဲ့တယ်။ လွတ်မြောက်ရာအမှန်ကို ရခဲ့တဲ့အတွက် ငါ့အတွင်းသန္တာန်မှာ ကာမဂုဏ်အပူအလောင်တွေ၊ ကာမဂုဏ်အတွက် တပ်မက်မွတ်သိပ်မှုတွေ မရှိတော့ဘူး။ ငါ့မှာ ငြိမ်းအေးနေတယ်။ ငါ့အတွင်းသန္တာန်မှာ ငြိမ်းအေးတဲ့စိတ်ဖြစ်နေတယ်။ ကာမဂုဏ်ကို တပ်မက်ကြတဲ့ မွတ်သိပ်ကြတဲ့သူတွေကို ငါမြင်ပါတယ်။ ကာမဂုဏ်ဆာလောင်မွတ်သိပ်မှုကို ဖြေဖျောက်ဖို့ ကာမဂုဏ်တွေကို သူတို့မှီဝဲကြတယ်။ ခံစားသုံးဆောင်ကြတယ်။ မာဂဏ္ဍိယ.. အဲဒီလူတွေ ခံစားသုံးဆောင် မှီဝဲကြတဲ့ကာမဂုဏ်မျိုးတွေကို ငါကတော့ မခံစား မသုံးဆောင်လိုတော့ဘူး။ မမှီဝဲချင်တော့ဘူး။ ဘာကြောင့်ဆိုတော့ ကာမဂုဏ် တပ်မက်ဆာလောင်မှုဟူသမျှက ကျော်လွန်ပြီး နတ်ချမ်းသာထက်လည်း သာလွန်တဲ့ငြိမ်းအေးခြင်းကိုရနေလို့ပဲ။ နတ်ချမ်းသာထက် သာလွန်တဲ့ ငြိမ်းအေးခြင်းကိုရနေတဲ့ ငါ့အဖို့ ယုတ်ညံ့တဲ့သူတွေရဲ့ ကာမဂုဏ်တွေမှာ မမွေ့လျော်တော့ဘူး"။

"မာဂဏ္ဍိယ... တခြား နောက်ဥပမာတစ်ခုကို ပြောဦးမယ်၊ နူနာရှိနေတဲ့ ယောကျ်ားတစ်ယောက်ဟာ နူနာပိုးတွေ ထကြွကိုက်ခဲခံရတဲ့အခါမှာ မခံရပ်နိုင်အောင် ယားယံနေတယ်။ ဒီအခါ အနာဝတွေကို လက်သည်းနဲ့ကုတ်ဖဲ့ရင်း ကိုယ်ကို မီးကျီးစုမှာ ကင်ပြီး အယားဖျောက်ရတယ်။ အဲဒီနူနာရှိတဲ့ ယောကျ်ားဆီကို ဆွေမျိုးသားချင်းတွေက နူနာ ကုစားတတ်တဲ့ ဆေးဆရာကိုပင့်လာပြီး ဆေးကုပေးကြတယ်။ ဆေးကုစားခံရလို့ အဲဒီယောကျ်ားဟာ နူနာပျောက်ကင်းသွားတယ်။ နူနာပျောက်ကင်းသွားပြီးဖြစ်လို့ အဲဒီယောကျ်ားဟာ ကိုယ်အလိုရှိရာကို သွားနိုင်ပြီ။ ကိုယ်နေချင်ရာမှာ နေနိုင်ပြီ။ ကိုယ်လုပ်ချင်ရာကို အစိုးတရလုပ်ကိုင်နိုင်ပြီဆိုပါစို့။ အဲဒီနူနာပျောက်ကင်းသွားတဲ့ ယောကျ်ားဟာ.....နူနာပိုးတွေ ထကြွကိုက်ခဲခံရလို့ အနာဝတွေကို လက်သည်းနဲ့ ကုတ်ဖဲ့ပြီး ကိုယ်ကို မီးကျီးစုမှာကင်ရင်း အယားဖျောက်နေရတဲ့ အခြားနူနာရှိသူယောကျ်ားတစ်ဦးကို မြင်တယ်ဆိုပါတော့။ မာဂဏ္ဍိယ... နူနာပျောက်ကင်းနေတဲ့ ယောကျ်ားဟာ သူမြင်နေရတဲ့ အနူယောကျ်ားလို အနာဝတွေကို လက်သည်းနဲ့ ကုတ်ရင်းဖဲ့ရင်း ကိုယ်ကို မီးကျီးစုမှာကင်ပြီး အယားဖျောက်ချင်သေးရဲ့လား... မာဂဏ္ဍိယ၊ နူနာပျောက်အောင် ဆေးဝါးမှီဝဲကုစားဖို့ကော တောင့်တသေးရဲ့လား"

"မဖြစ်နိုင်တော့ပါ အရှင်ဂေါတမ"

"ဘာကြောင့်လဲ မာဂဏ္ဍိယ"

(ဆက်လက်ဖော်ပြပါမည်)

# ရည်မှန်းချက်များကို စိတ်ပိုင်းလိုက်ပါ

အောင်မြတ်စည်သူ

နေ့စဉ် သင် ပန်းတိုင်နည်းနည်းချလေလေ၊ သင်ထိန်းကွပ်နိုင်သည့် အနေအထားထက် လွန်နေသောလူများနှင့် ဖြစ်ရပ်များ၏ 'ပတ်ချာလည်တွန်းမှု' ကို သင်ခံရလေလေဖြစ်သည်။

သင်သည် အင်အားကင်းမဲ့သည့်အနေမျိုး ခံစားရသည်။ သင်လိုချင်သော လက်တွေ့အနေအထားကို ဖန်တီးသည့်အစား၊ သင်သည် သင့်ဝန်းကျင်လောကကို တုံ့ပြန်ဆက်ဆံမှုသာပြုနေသည်။ သင်သည် သင်ထင်သည်ထက်ပို၍ပင် သင့်နေ့တာ၏လှုပ်ရှားမှုများအပေါ် စိုးမိုးနိုင်စွမ်းရှိသည်။

ရည်ရွယ်ချက်လေးများကို အသုံးချစိတ်တိုးမြှင့်ခြင်းဖြင့် သင်သည်ရည်ရွယ်ချက်ကြီးများ အကောင်အထည်ပေါ်လာသည်ကို တွေ့မြင်ပေမည်။

လွတ်လွပ်သော စီးပွားရေးလုပ်ငန်းစနစ်တွင် ပါဝင်နေသူအများစုသည် ယင်းတို့အတွက် ကြီးမားတိကျသောရေရှည်ပန်းတိုင်ကြီးများ ချမှတ်ခြင်းအားကို ယုံကြည်မှုရှိကြသည်။ ရည်မှန်းချက်ကြီးမားသူ၏အတွေးထဲတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပန်းတိုင်၊ နှစ်စဉ်ပန်းတိုင်နှင့် လစဉ်ဆောင်ရွက်မှုပန်းတိုင် အမြဲတစေရှိသည်။

သို့သော် ထိုသူတို့သည် ပန်းတိုင်လေးများ၏အားကို လုံးဝမျက်စိမှောက်နေကြသည်။ ပန်းတိုင်လေးများသည် နေ့တာကို အားဖြည့်စေသော၊ နေ့တာမှာပင်ချမှတ်သော ပန်းတိုင်များဖြစ်ပြီး လမ်းတစ်လျှောက်တွင် 'အောင်နိုင်မှု' လေးများစွာရရှိစေသည်။

မီဟာလီချစ်ဇန်မီဟာလ်ရီသည် သူ၏စိတ်ပိုင်းဆိုင်ရာရွှေလက်ရာဖြစ်သော Flow:The Psychology of Optimal Experience စာအုပ်တွင် ပန်းတိုင်ကြီးများကို 'ရလဒ်' ပန်းတိုင်ကြီးများဟု ရည်ညွှန်းပြီး ပန်းတိုင်လေးများကို "လုပ်ငန်းစဉ်" ပန်းတိုင်များဟု ရည်ညွှန်းခဲ့သည်။ ဖြစ်စဉ်ပန်းတိုင်များ၏ လှပချက်ကား ယင်းတို့အားလုံး မိမိအထမြောက်စွာစွမ်းဆောင်နိုင်မှု၏ တာအတွင်းတွင် ရှိနေခြင်းပင်ဖြစ်သည်။

ဥပမာ–နေ့လယ်စာမစားမီတွင် သင်သည်အရေးကြီးသော ဖုန်းခေါ်မှုလေးခုပြုရန် 'လုပ်ငန်းစဉ်' ပန်းတိုင်ချမှတ်ထားလိုက်သည်။ စာရွက်တစ်ရွက်တွင် သင်သည် စတုဂံလေး လေးခုရေးဆွဲလိုက်သည်။ ဖုန်းတစ်ခါဆက်ပြီးတိုင်း အကွက်တစ်ခုကို သင်ဖြည့်လိုက်သည်။ ဖုန်းလေးခုစလုံးခေါ်ပြီးလျှင် ထိုစာရွက်ကို သင်၏ပန်းတိုင်ဖိုင်တွဲတွင်တွဲလိုက်ပြီး နေ့လယ်စာကို ပျော်ပျော်ကြီးထွက်စားလိုက်ပါ။ စားထိုက်အောင် သင်ဆောင်ရွက်ခဲ့ပြီဟု။

သင်သည် ဥပမာ – လုပ်ငန်းစဉ်ပန်းတိုင်များကို လူတစ်ယောက်နှင့်စကားမပြောဆိုမီ ချမှတ်နိုင်သည်။ ငါအချက်သုံးချက် သိချင်တယ်။ မေးခွန်းလေးခု မေးချင်တယ်။ ပန်ကြားချက်နှစ်ခုပြုချင်တယ်။ မသွားခင် ငါ့ဖောက်သည်ကို ချီးကျူးစကားပြောချင်တယ်...စသဖြင့်။

လုပ်ငန်းစဉ်ပန်းတိုင်များသည် သင့်ကို အကြွင်းမဲ့အာရုံစူးစိုက်နိုင်စေသည်။ သင်လုပ်ငန်းစဉ်ပန်းတိုင်များ အဆက်မပြတ်ချမှတ်နေသည်နှင့်အမျှ သင့်နေ့တာကို သင်ပို၍စိုးမိုးမှုရှိပြီး ကိုယ့်ကိုယ်ကိုယ် စေ့ဆော်အာရုံကိုလည်း ခံစားမိရသည်။

နေ့တာအကုန် (သို့မဟုတ်) နောက်တစ်နေ့တာ အစတွင် သင်သည်သင်၏ရလဒ်ပန်းတိုင်သို့ တိုးတက်မှုကိုဆန်းစစ်ကြည့်နိုင်သည်။ သင်လိုချင်သည့်ရလဒ်နှင့် ပို၍နီးစပ်အောင် သင်၏လုပ်ငန်းစဉ်ပန်းတိုင်များကို ပြုပြင်သွားနိုင်သလို ပန်းတိုင်နှစ်ခုကိုတစ်စိုက်မတ်မတ် သဟဇာတကျအောင်ညှိနိုင်သည်။

ယခု ရှည်လျားပင်ပန်းသော တစ်နေ့တာ၏ အဆုံးတိုင်ပြီဟုဆိုပါစို့။ အိမ်မပြန်မီ သင်အချိန် နာရီဝက်လောက်ရသည်။ သင်သည် လုပ်ငန်းစဉ်ပန်းတိုင်များ ချမှတ်သည့်အကျင့်မရှိပါလျှင် သင့်ကိုယ်သင် 'ငါရေးစရာမှတ်စရာ နည်းနည်းလုပ်လိုက်ရမယ်ထင်တယ် (ဒါမှမဟုတ်) အိမ်မပြန်ခင်တစ်နေရာ၊ နှစ်နေရာဖုန်းဆက်လိုက်မှထင်တယ်' ဟု ဆိုကောင်းဆိုပေမည်။ သင့်စားပွဲပေါ်မှစက္ကူပုံကြီးကို သင်ကြည့်လိုက်သည် (သို့မဟုတ်) တယ်လီဖုန်းနံပတ်များကို အမှတ်တမဲ့ကြည့်လိုက်သည်။ ရုတ်တရက် သင့်စားပွဲနားသို့ လူတစ်ယောက်ရောက်လာသည်။ စကားစမြည်ပြောဆိုရန် သင့်မှာ လုပ်စရာအတိအကျဘာမျှမရှိသောကြောင့် သင်သည်စကားစမြည်ပြောဖြစ်သည်။ သို့ဖြင့် အချိန်ကုန်မှန်းမသိဖြင့်ပင် နာရီဝက်ကုန်သွားပြီ။ သင်အိမ်ပြန်ချိန်ရောက်လာသည်။ သင်မည်သည့်အလုပ်မျှ မပြီးမပြတ်မထားခဲ့သော်လည်း သင်သည်အချိန်ဖြုန်းမိလိုက်သည်ဟု ခံစားမိသည်။

နာရီဝက်ကို အသုံးချပြီး လုပ်ငန်းစဉ်ပန်းတိုင်တစ်ခု ချမှတ်အထမြောက်အောင် ကြိုးစားလျှင်မည်သို့ဖြစ်ပါမည်နည်း။ 'ငါ ဒီညအိမ်မပြန်ခင် ငါ့မာကတ်တင်းပစ္စည်းတွေ အားလုံးအကြောင်း ထည့်သွင်းထားတဲ့ မိတ်ဆက်စာနှစ်စောင်ကို ပြုစုပို့လိုက်မယ်' ဟု သင်ရည်သန်လိုက်ပါလျှင် သင့်မှာ လုပ်ငန်းစဉ်ပန်းတိုင်တစ်ခု ရှိသွားပြီ။ လုပ်ရန်နာရီဝက်အချိန်ရှိသွားသည်။

စကားစမည်ပြောရန် သင့်စားပွဲနားသို့လူရောက်လာသောအခါတွင် သင်ကသူ့ကို သင်ငါးနာရီမထိုးမီ အပြီးလုပ်ရမည့်ကိစ္စရှိနေ၍ နောက်မှစကားပြောဆိုမည်ဟုပြောနိုင်သည်။

တစ်နေ့တာလုပ်ငန်း ပန်းတိုင်လေးများ ချမှတ်သည့်အကျင့် ဝင်သွားသူတို့သည် ပြည့်ပြည့်ဝဝ စွမ်းဆောင်လိုက်ရစိတ် ပို၍အဆင့်မြင့်မြင့်ခံစားရသည်။ သူတို့သည် ပွဲစဉ်တစ်ခုတွင် နည်းပြ၏ သင်ကြားပို့ချပေးမှုကို တောက်လျှောက်ခံစားနေရသော အားကစားသမားများနှင့် တူလာသည်။ သူတို့၏ တစ်နေ့တာကို ပတ်ဝန်းကျင်လောကက ဖန်တီးနေခြင်းကို ခံနေရသည်မဟုတ်ဘဲ သူတို့အစွမ်း၊ သူတို့အစဖြင့် သူတို့စိတ်တွင် ဖန်တီးနိုင်ပါသောကြောင့် စိတ်ချမ်းသာပျော်ရွှင်ရသူများဖြစ်သည်။ ။

# ကျွမ်းကျင်သူဖြစ်ချင်သလား

မောင်ထူးချွန်

နယ်ပယ်တစ်ခုခုမှာ ကျွမ်းကျင်သူဖြစ်ချင်သလား။

ကျွမ်းကျင်သူအဖြစ် နယ်ပယ်တစ်ခုမှာ ရပ်တည်နိုင်ခြင်းဟာ အောင်မြင်မှုအခိုင်အမာရရှိသူပဲဖြစ်တယ်။

မောင်တို့မယ်တို့အားလုံးမှာ အခွင့်အရေးများစွာရှိနေတာပါပဲ။ နယ်ပယ်တစ်ခုခုမှာ ကျွမ်းကျင်သူတစ်ဦးအဖြစ် ကောင်းကောင်းဖြစ်နိုင်ပါတယ်။ မိမိကိုယ်တိုင်ကြိုးစားဖို့တော့ လိုတာပေါ့ကွယ်။

လူတစ်ယောက်ဟာ ပတ်ဝန်းကျင်အလယ်မှာ ထည်ထည်ဝါဝါနဲ့ နေရာတစ်နေရာရရှိဖို့ဆိုရင် အခြေခံအားဖြင့် ရိုးသားမှုရှိရမယ်။ ကြိုးစားမှုရှိရမယ်။ မရိုးသားဘဲ အောင်မြင်မြင့်မားလာခဲ့ရင်လည်း တစ်ကွေ့ကွေ့မှာ အကျနာတတ်တယ်။ မရိုးသားရင် တာရှည်မခံဘူး။ ရေရှည်ခိုင်မာခိုင်ခံ့တာက ရိုးရိုးသားသားလုပ်ဆောင်မှုနဲ့ရတဲ့ ကောင်းကျိုးရလဒ်ပဲဖြစ်တယ်။

ဒါကြောင့် ရိုးသားစွာနဲ့ကြိုးစားကြပါ။

ကြိုးစားရမယ်လို့ ဆိုလိုတာက အောင်မြင်သူမှန်သမျှဟာ လုံ့လဝီရိယနဲ့ကြိုးစားခဲ့ကြသူတွေပါပဲ။ တကယ်တမ်းကြိုးစားခဲ့ကြရသူတွေပဲ။ မိမိလည်းလောကမှာ လူတစ်လုံးသူတစ်လုံးအဖြစ်နဲ့ ရပ်တည်ချင်ရင် ကြိုးစားရမှာပဲဖြစ်တယ်။

ဘဝပြိုင်ပွဲကြီးထဲမှာ ယှဉ်ပြိုင်နေကြရမှာပါပဲ။ အခြားသူတွေနဲ့ ယှဉ်ပြိုင်မှုတွေရှိနေသလို မိမိကိုယ်ကိုလည်း ယှဉ်ပြိုင်နေရမှာပါပဲ။ မနေ့ကကျွမ်းကျင်မှုနဲ့ ဒီကနေ့ကျွမ်းကျင်မှုကို ယှဉ်ပြိုင်ရမှာပဲလေ။ ဒီလိုပြိုင်ပွဲမှာ တက်ကြွစွာပါဝင်ဆင်နွှဲရမှာပါ။ ကျွမ်းကျင်မှုမြင့်မားနေဖို့တော့လိုတာပေါ့။ ကျွမ်းကျင်မှုမြင့်မားနေစေဖို့အတွက် လိုက်နာဆောင်ရွက်ရမယ့် အချက်လေးချက်ရှိတယ်။

၁။ ပြိုင်ပွဲထဲမှာ တက်တက်ကြွကြွပါဝင်နေပါ။

၂။ ပြိုင်ပွဲထဲမှာ အာရုံနှစ်ထားပါ။

၃။ စံနှုန်းစံထားကို ဆီလျော်စွာ သတ်မှတ်ပါ။

၄။ တိုးတက်ရေးအတွက် နည်းလမ်းရှာပါတို့ ဖြစ်ပါတယ်။

လူတစ်ယောက်ဟာ မိမိသတ်မှတ်ထားတဲ့ စံနှုန်းစံထားတွေအတိုင်း ကိုယ့်ဘဝမှာတကယ်ဖြစ်လာတာပါ။ ဒါကြောင့် လုပ်ဆောင်သမျှ အလုပ်တိုင်းကို အကောင်းဆုံးဖြစ်အောင်လုပ်ရမှာပေါ့။



နယ်ပယ်တစ်ခုခုမှာ ကျွမ်းကျင်မှုတစ်ခုခုရချင်တယ်ဆိုရင်တော့ လိုက်နာကျင့်သုံးရမယ့် အချက်ငါးချက်ကို အလေးထားလိုက်နာကျင့်ဆောင်ရမှာဖြစ်တယ်။

၁။ နေ့စဉ်ကြိုးစားအားထုတ်နေရမယ်။

၂။ တိုးတက်နေအောင် ကြံဆောင်နေရမယ်။

၃။ အလုပ်ကို ရေဆုံးမြေဆုံးအထိ သာလွန်ကောင်းမွန်အောင် လုပ်ရမယ်။

၄။ မျှော်လင့်ထားတာထက် မလျော့စေဘဲ ပိုကောင်းအောင် လုပ်ရမယ်။

၅။ အခြားသူများအတွက် စံနမူနာပြဖြစ်ပါစေတို့ပေါ့ကွယ်။

နေ့စဉ် ကြိုးစားအားထုတ်ရာမှာ "တစ်နေ့တစ်လံ ပုဂံဘယ်မရွေ့" ဆိုတဲ့ စကားအတိုင်း ဖြည်းဖြည်းနဲ့မှန်မှန် ရည်မှန်းချက်ပန်းတိုင်ရှိရာကို ချီတက်ကြိုးစားခြင်းပါပဲ။ "စိတ်ရှည်ရှည်နဲ့ ကြိုးစားတဲ့လူထံသို့ အရာရာဟာ ဆိုက်ရောက်လာစမြဲ" ဆိုတဲ့ အင်္ဂလိပ်ဆိုရိုးစကားအတိုင်းပေါ့ကွယ်။ ကိုယ့်လုပ်ငန်း ကိုယ့်ပညာအပေါ် တန်ဖိုးထားသူတွေဟာ တစ်ဆင့်ထက်တစ်ဆင့် အရည်အသွေးမြင့်တက် တောက်ပြောင်လာတာပါပဲ။

တိုးတက်နေအောင်ကြံဆောင်ပါဆိုတာ ဘယ်လိုလုပ်ရမလဲဆိုတာ သိသွားတဲ့လူတွေက အလုပ်အကိုင်တစ်နေရာကို သေသေချာချာ ရသွားတာပါပဲ။ ဘာကြောင့်ဖြစ်ရတာလဲဆိုတာကို သိမြင်နိုင်တဲ့ လူတွေကတော့ သူတို့ရဲ့အထက်က အကြီးအကဲခေါင်းဆောင်တွေ ဖြစ်လာကြတာပါပဲ။

အလုပ်ကိုရေဆုံးမြေဆုံးသာလွန်အောင်လုပ်ရမယ် ဆိုတာကတော့ လုပ်ငန်းကျွမ်းကျင်တယ်ပြောပြီး တကယ့်အရေးအကြောင်းပေါ်လာတဲ့အခါ တံငါသည်ရေနစ်ပြီဆိုတဲ့ အဖြစ်မျိုးကြုံရတတ်တယ်။ ကျွမ်းကျင်မှုဆိုတာက ရည်မှန်းချက်ထားပြီး တကယ်ကြိုးစားမှသာ ရနိုင်တာ။

မျှော်လင့်ချက်ထားတာထက် ပိုကောင်းအောင်လုပ်ရမယ် ဆိုတာက ကျွမ်းကျင်မှုမြင့်မားတယ်ဆိုတဲ့ လူတွေဟာ သူတကာထက် နှာတစ်ဖျားသာအောင် အမြဲကြံဆောင်ကြိုးပမ်းနေကြတယ်။ တကယ်ခံယူချက်ပြင်းထန်ပြီး ရည်မှန်းချက်ကို အပျက်မခံဘဲ ဆက်လက်အကောင်အထည်ဖော်ကာ နေ့ရောညပါ ကြိုးစားကြလို့ အောင်မြင်ကြတယ်။ အချို့ လူတွေက သာမန်ဘဝမှာ ရောင့်ရဲကျေနပ်ပြီး ရပ်တန့်နေတတ်တယ်။ ရေစုန်မျှောလိုက်တာမျိုး မဖြစ်ရဘူး။ ထက်ထက်သန်သန်နဲ့ စေတနာကောင်းကောင်းနဲ့ ကြိုးစားအလုပ်လုပ်ရမယ်။

စံနမူနာပြဖြစ်စေဖို့အတွက် ကျွမ်းကျင်မှုတစ်ခုကို ထွန်းပေါက်အောင် လုပ်ဆောင်ပြနိုင်ရင် ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံရဲ့ဂုဏ်ကို အလိုလိုမြှင့်တင်ပြီးသား ဖြစ်သွားတာပေါ့။ ကျွမ်းကျင်ထူးချွန်မှုဟာ ကျော်ကြားရုံနဲ့ အပေါ်ယံအောင်မြင်ရုံမျှသာ မဟုတ်ပါ။ ကိုယ့်နယ်ပယ်မှာ ဂုဏ်ယူစရာဖြစ်သလို တိုင်းပြည်နဲ့လူမျိုးရဲ့ဂုဏ်ကိုလည်း ဆောင်ပါတယ်။ တခြားသူတွေ အားကျအတုယူပြီး လိုက်ပါဆောင်ရွက်လာအောင်လည်း ဦးဆောင်လှုံ့ဆော်ရာ ရောက်စေတယ်။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ ဝါသနာပါပါ၊ မပါပါ ကိုယ်လုပ်ရတဲ့အလုပ်တစ်ခုကို လေးလေးနက်နက် စူးစူးစိုက်စိုက်နဲ့ အဆက်မပြတ်လေ့ကျင့်ရင် ကျွမ်းကျင်မှုဆိုတာ ရရှိနိုင်တာပါပဲ။ စွဲစွဲမြဲမြဲအားထုတ်ကြိုးစားမှုသာရှိပါစေ၊ တစ်နေ့နေ့မှာ အထူးပြုကျွမ်းကျင်သူတစ်ယောက်ဖြစ်လာတော့မှာပါပဲ။ မခက်ခဲပါဘူး။ ကြိုးစားလုပ်ဆောင်ဖို့သာလိုပါတယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**နိုးကြားတက်ကြွမှုရှိပါစေ**

"ကြီးမားသောအောင်မြင်မှု ဟူသမျှတို့သည် တိကျသောစေ့ဆော်စိတ်မရှိပါဘဲနှင့် မည်သည့်အခါတွင်မှမဖြစ်ပေါ်နိုင်။"

**အင်ဒရူးကာနယ်ဂျီ (ကမ္ဘာကျော်သံမဏိသူဌေးကြီး)**

ဘဝမှာအောင်မြင်မှုရရှိနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့ နိုးကြားတက်ကြွမှု ရှိရမည်ဖြစ်ပြီး နိုးကြားတက်ကြွသူအဖြစ် တွေးခေါ်ပြုမူနေထိုင်ရမည်လည်းဖြစ်သည်။

လူ့ဘဝတွင် အောင်မြင်မှုရရှိရန် ကံ၊ ဉာဏ်၊ ဝီရိယတို့နှင့် ပြည့်စုံအောင် လုပ်ဆောင်ကြရပေမည်။

ကံဆိုသည်မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံဟူ၍ရှိပြီး အတိတ်ကံက ပြီးခဲ့သည်များပင်။ အတိတ်ကံအကျိုးပေးကား မြင်သာထင်သာမရှိလှဟု ယနေ့လူငယ်များကယုံကြည်ထားသည်။ လက်တွေ့ကျသည့် ပစ္စုပ္ပန်ကံကိုသာ ပိုမိုယုံကြည်ကြသည်။ လက်တွေ့ကျသည့် ယင်းပစ္စုပ္ပန်ကံကောင်းရန်အတွက် အကုသိုလ်ဒုစရိုက်ကင်းစင်ပြီး ကုသိုလ်စရိုက်ဖြစ်အောင် တည့်မတ်ရမည်ဖြစ်သည်။ သို့မှသာ လက်တွေ့ကုသိုလ်ကံများဖြစ်ပေါ်လာကာ ကံကောင်းလာမည်ဖြစ်သည်။

ဝီရိယမှာ မိမိ၏အားထုတ်မှုဖြစ်ပြီး မိမိကိုယ်တိုင်အားထုတ်မှသာ အကျိုးရရှိမည်ဖြစ်သည်။ အားထုတ်နိုင်မှုစွမ်းအား အတိမ်အနက်ပေါ်မူတည်ကာ ရရှိမည့်အကျိုးပေးမည့်ရလဒ်လည်း ကွာခြားမည်ဖြစ်သည်။ ဝီရိယအားပျော့လျှင် ရရှိမည့်အကျိုးရလဒ်သည် အောက်တန်းနောက်တန်းကပဲဖြစ်နေမည်။ အိပ်ငိုက်တွေဝေပြီး မေးစက်နေလျှင် အထက်တန်းသို့ အဘယ်မှာတက်လှမ်းနိုင်မည်နည်း။ ဇွဲ၊ လုံ့လရှိကြသူများသာလျှင် အခက်အခဲအမျိုးမျိုးကိုဖြတ်ကျော်ကာ ပန်းတိုင်ကို ဝင်လာနိုင်ခြင်းဖြစ်သည်။

ကံ၊ ဉာဏ်၊ ဝီရိယဟုသာ ဖော်ပြကြသော်လည်း ဉာဏ်ဟူသည်ကား ကံနှင့် ဝီရိယတို့ကို ဉာဏ်ဖြင့်အကျိုးရှိအောင် စေ့ဆော်ပေးနိုင်မှု၊ မှန်ကန်ကောင်းမွန်တည့်မတ်သည့်စိတ်စွမ်းအားကို ထုတ်လုပ်နိုင်ရန် လမ်းညွှန်ပေးနိုင်မှုတို့ကို လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ဆင်ခြင်ဉာဏ်ဖြင့် စိတ်တန်ခိုးကို နှိုးဆွကာ စေ့ဆော်လုပ်ဆောင်နိုင်မှု၊ ရည်မှန်းချက်ပန်းတိုင်ကို ဖြောင့်ဖြောင့်ရောက်ရှိစေရန် လှုံ့ဆော်ထိန်းကျောင်းနိုင်မှုပင်ဖြစ်သည်။

ဇွဲ၊ လုံ့လ၊ ဝီရိယကောင်းခြင်းဟူသည်ကို တိကျသေချာစွာချပြရလျှင်



နံနက်စောစောထပြီး သက်ဆိုင်ရာအလုပ်များကို လုပ်ဆောင်ခြင်းပင်။

"စောစောနိုးထ အစာရှာတဲ့ငှက်ဟာ အစာပိုပြီးရတယ်" ဟူသည့် အနောက်တိုင်းစကားပုံတစ်ခုကို မှတ်သားဖူးပါသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူဆိုလျှင် နံနက်စောစောထပြီး စာကျက်ခြင်းက ဦးနှောက်ရှင်လန်းနေချိန်ဖြစ်၍ ပိုမိုမှတ်မိနိုင်ပေသည်။ လုပ်ငန်းခွင်ဝင်မည့်သူများအတွက်လည်း နံနက်စောစောထကာ လုပ်သင့်သည်များကို လုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် ကြိုတင်ပြင်ဆင်မှုများ စောစီးစွာပြီးမြောက်နိုင်ပေသည်။

ယင်းတို့သည် နိုးကြားတက်ကြွမှုရှိနေရမည်ဟူသည့် ကြီးပွားချမ်းသာနည်းဗျူဟာ၏ နည်းနာအချက်အလက်များနှင့် ကိုက်ညီမှုရှိနေသဖြင့် ကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာလုပ်ဆောင်ရမည်လည်းဖြစ်သည်။

"သင့်ကိုယ်သင် မဖြစ်ထွန်းသူဟုထင်လျှင် သင်စိတ်ဓာတ်ကျသူတစ်ဦးဖြစ်လာပေလိမ့်မည်။ တစ်ဖက်တွင်မူ သင့်မှာအောင်မြင်ရန် အစွမ်းအစရှိသည်ဟု သင်ယူဆပါလျှင် သင်နိုးကြားတက်ကြွနေပေမည်။ သင့်ကိုယ်သင် ယုံစားမှုရှိနေရမည်။" ဟူ၍ စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ (၁၉၂၄-၂၀၁၁)က ရေးသားခဲ့ဖူးသည်။

သို့ဖြစ်၍ မိမိကိုယ်ကိုယုံကြည်မှုသည် အခရာဖြစ်ပေရာ အောင်မြင်ကြီးပွားသူဖြစ်ရမည်ဟူသည့် ယုံကြည်မှုကို ခိုင်မာစွာဆောက်တည်ပြီး စိတ်တန်ခိုးကိုလှုပ်နှိုးကာ နိုးကြားတက်ကြွမှုရှိနေအောင် ကြိုးစားနေရမည်လည်းဖြစ်သည်။

ကမ္ဘာတစ်လွှားတွင် တစ်ကမ္ဘာလုံးရိုက်ခတ်ပြောင်းလဲနေသည့် ဖြစ်စဉ်ကြီးအတွင်း အရာရာမှာ လျင်မြန်စွာပြောင်းလဲတိုးတက်နေသည်။ သူများတိုင်းပြည်များသည် ပြေးပြေးလွှားလွှားဖြင့် အချိန်ကိုလုပြီး အလုပ်လုပ်နေကြသည်။ အရာရာတွင် ပြိုင်ဆိုင်မှုအပြည့်ဖြင့်ပင်။ လောကကြီးက အခွင့်အရေးများကို အညီအမျှပေးထားပေမယ့် နိုးကြားတက်ကြွမှုရှိသူများကသာ အခွင့်အလမ်းများရရှိနိုင်ပေသည်။ ယခုအချိန်သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကြိုးပမ်းနေရသည့် အချိန်ကာလမျိုးဖြစ်သည်။

ထို့ကြောင့် နိုးကြားနေရမည်။

တက်ကြွနေရပေမည်။

ယင်းအကြောင်းခြင်းရာများကြောင့် အတွေးအမြင်သဘောတရားများကို ကမ္ဘာကြည့်ကြည့်မြင်ကာ မိမိကိုယ်တိုင်က ကြိုးစားနိုင်ပါမှ၊ ရုန်းကန်နိုင်ပါမှ၊ အချိန်ရှိခိုက်လုံ့လစိုက်နိုင်ပါမှ၊ အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်ပါမှ တော်ရုံကျပေမည်။

မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားရမည်လည်းဖြစ်သည်။

"ကြီးမားသော အောင်မြင်မှုဟူသမျှတို့သည် တိကျသောစေ့ဆော်စိတ်မရှိပါဘဲနှင့် မည်သည့် အခါတွင်မှ မဖြစ်ပေါ်နိုင်။" ဟူ၍ ကမ္ဘာကျော် သံမဏိသူဌေးကြီး အင်ဒရူးကာနယ်ဂျီက အတိအလင်းပြဆိုထားပေသည်။

ထို့ကြောင့် ဘဝမှာအောင်မြင်ကြီးပွားချမ်းသာလိုကြသော ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် "အောင်မြင်ကြီးပွားချမ်းသာရမည်" ဟူသည့် တိကျသေချာသောစေ့ဆော်မှုကို ဖြစ်စေမည့်နိုးကြားတက်ကြွမှုရှိနေရပေမည်။ သို့မှသာ အောင်မြင်ကြီးပွားချမ်းသာကြွယ်ဝမှုကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်ပေတော့သည်။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၆၂ ဆူ | ၅၆၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

○ နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်းများစွာရှိနေပါတယ်။

○ တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်း မဟုတ်ပါဘူး။ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန်ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပီပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။

○ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ခြုံငုံသုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက်အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီးပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ

### မိုဇမ်ဘစ်နိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းဂွမ်ဘီတိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၁၂ ဦးရှိလာ



စာမျက်နှာ » ၁၃

### မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း PDF အကြမ်းဖက်သမားများက ဒေသခံကျေးရွာများရှိ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်ပြီး လူနေအိမ်များ မီးရှို့ဖျက်ဆီး

စာမျက်နှာ » ၁၄


## KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ပေါ်၌ သွားလာလျက်ရှိသည့် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိ

နေပြည်တော် မတ် ၁၄

KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပါဝင်သော ပူးပေါင်းအဖွဲ့အနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်ပေါ်၌ သွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်မော်တော်ယာဉ်များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခြင်း စသည့် စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖



KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် Argon Gas တင်ဆောင်သည့် မော်တော်ယာဉ် ထိမှန်ပျက်စီးခဲ့မှုအား တွေ့မြင်ရစဉ်။



## လက်စတာကိုအနိုင်ရပြီး ပရီမီယာလိဂ် အဆင့် ၄ နေရာ တက်လှမ်းခဲ့ပြီးနောက် အာဆင်နယ်အသင်း ချန်ပီယံလိဂ်ကစားရမည်ဟု အာတီတာ ယုံကြည်နေ

အာဆင်နယ်အသင်းဟာ မတ် ၁၃ ရက်ညပိုင်းက လက်စတာစီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လက်စတာစီးတီးအသင်းကို အနိုင်ရရှိကာ ပရီမီယာလိဂ်အဆင့် ၄ နေရာ တက်လှမ်းခွင့်ရရှိခဲ့ပြီးနောက် လာမယ့်ဘောလုံးရာသီမှာ အာဆင်နယ်အသင်း ချန်ပီယံလိဂ်ကစားရလိမ့်မည်ဟု ယုံကြည်ထားတယ်လို့ အာဆင်နယ်အသင်းနည်းပြ အာတီတာက ပြောကြားခဲ့ပါတယ်။

**နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိ**

အာဆင်နယ်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၁ မိနစ်မှာ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

**ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တွင် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ပါရှိပါသည်။**